ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (14-3-2004) (၄၁၇၅)

သိပ္ပံစ
တောံ မင်္ဂလ မုတ္တမံ။

လက်မှု စက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ယနေ့ထုတ် စောင်ရေ ၁၉၇၂၁၂

သစ္စာရှိတဲ့တပ်မတော်

တပ်မတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးမှာ သန္ဓေတည်ပြီး ဖက်ဆစ်တော်လှန်ရေးမှာ မွေးဖွားလာခဲ့တယ်လို့ ဆိုနိုင်တယ်။ မျိုးချစ်စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ စုဝေးရာမှ လို့ မျိုးချစ်တပ်မတော်ဆိုတဲ့ အစဉ်အလာကောင်းနဲ့လည်း ညီညွတ်တယ်။ စစ်စည်းကမ်းကို အလေးထားစောင့်ထိန်းလာတာနဲ့အမျှ စည်းကမ်းကောင်းတဲ့ တပ်မတော်လည်း ဖြစ်လာတယ်။ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိချိန်မှာ ပြည်တွင်းသောင်းကျန်းမှုမီးကလည်း စတင်လောင်ကျွမ်းခဲ့တယ်။ တပ်မတော်ကိုလည်း အမျိုးမျိုးသွေးဆောင်စည်းရုံးခဲ့ကြပေမယ့် တပ်မတော်ဟာ နိုင်ငံတော်ရဲ့ မျက်နှာတစ်ခုတည်းကိုပဲ ကြည့်ခဲ့တယ်။ ဒါကြောင့်လဲ တပ်မတော်ဟာ သစ္စာရှိတဲ့တပ်မတော်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ပြည့်စုံခဲ့ရတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ (၂၈–၂–၂၀၀၄)နေ့က မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

ချွေးတွေ စီးရွှဲ နေသော်လည်း မမောနိုင်ပါ (၂)

သတင်းဆောင်းပါး – ဦးဇော်

ရန်ကုန်　　မတ်　　၁၃

ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းရှိ မြိတ်တက္ကသိုလ်နှင့် ထားဝယ်တက္ကသိုလ်၊ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၊ ကရင်ပြည်နယ် ဘားအံတက္ကသိုလ်များသို့ အချိန်လု သွားရောက်ပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရ နည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့မှ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများနှင့် ပညာရေးမျှော်မှန်းချက်များကို ရှင်းနီးစွာ မှာကြားရှင်းလင်းခဲ့သည်။

မြိတ်တက္ကသိုလ်ကို ၂၈–၂–၂၀၀၄ရက်နေ့၌ လည်းကောင်း၊ ထားဝယ်တက္ကသိုလ်ကို ၁–၃–၂၀၀၄ ရက်နေ့၌ လည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်ကို ၂–၃–၂၀၀၄ရက်နေ့၌လည်းကောင်း၊ ဘားအံတက္ကသိုလ်ကို ၃–၃–၂၀၀၄ရက်နေ့၌ လည်းကောင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်တစ်လျှောက်၌ ဒေသဖူလုံရေး၊ ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝ သယံဇာတအရင်းအမြစ်များကို လူ့လုပ်အား၊ လူ့စွမ်းအားဖြင့် တန်ဖိုးမြှင့်တင်အသုံးချရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ညီညီညွတ်ညွတ် အားထည့်လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရန် စသည့် မှာကြားရန်ရှိသည်များကို မနားမနေ မှာကြားလမ်းညွှန်ခဲ့သည်။

ထိုမျှနှင့် မလုံလောက်၊ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော ပညာတတ် လူ့အရင်းအမြစ်များ ဒေသအလိုက် မွေးထုတ်နိုင်ရေးကိုလည်း အလေးထားညွှန်ပြသည်။ တက္ကသိုလ်များသို့ရောက်ရှိစဉ် ယင်းညွှန်ပြမှုကို ပိုမိုရှင်းလင်းစေရန် အချိန်ယူသည်။ ပညာတတ်များဖြစ်ကြသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၄-၃-၂၀၀၄
(တနင်္ဂနွေနေ့)

ပြည်တွင်းစားသုံးဆီ ဖူလုံရေးကြိုးပမ်း ဆီအုန်းများ နှစ်အလိုက်တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသား ပြည်သူများအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်ချက်များကို ကဏ္ဍအလိုက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တနင်္သာရီတိုင်းခရီးစဉ်အတွင်း အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ခမောက်ကြီးမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ဖွယ်ရာများကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **သတ်မှတ်ခွဲဝေပေးထားသည့် ဧကများအလိုက် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် ဆီအုန်းများကို ဖိဖိစီးစီး စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ဧကေါ့သိန်း အပြည့်အဝရရှိရေးအတွက် နှစ်အလိုက် မှန်မှန်ကန်ကန် စိုက်ပျိုးသွားရန် လိုကြောင်း၊ ဆီအုန်းဧက ပြည့်မီပြီး စားအုန်းဆီ မြန်မြန်ထွက်လာမှ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်ဖြစ်ပေါ်လာမှာဖြစ်ကြောင်း** မှာကြားခဲ့သည်။

တနင်္သာရီတိုင်းသည် ရေ၊ မြေသဘာဝအရ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်သည်။ ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးလာနိုင်သည်နှင့်အမျှ စားအုန်းဆီထုတ်လုပ်မှု တိုးတက်လာပြီး ပို၍ သည်များကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းများ တိုးချဲ့စိုက်ပျိုးနိုင်စေရန် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအား အဘက်ဘက်က အားပေးကူညီလျက်ရှိခြင်းဖြစ်သည်။

ဆီအုန်းစိုက်ပျိုးလျက်ရှိသော ကုမ္ပဏီများအနေဖြင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် နိုင်ငံတော်၌ စားသုံးဆီဖူလုံရမည်ဟူသည့် ရည်မှန်းချက်ဖြင့် ဖိဖိစီးစီး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။ ဆီအုန်းစိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်စေရန်ကြိုးပမ်းကြသကဲ့သို့ အခြေအနေပေးသည့် နေရာများတွင် စပါးနှင့်အခြားသီးနှံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။

တိုင်းအတွင်း မြေလွတ်မြေရိုင်းများစွာရှိသည်ဖြစ်ရာ မြေပြန့်၊ ကုန်းမြင့်မရှိပါက ကုန်းမြင့်လယ်ယာများဖော်ထုတ်၍ လည်းကောင်း၊ ချိုင့်ဝှမ်းစိုက်ပျိုးမှုပြုလုပ်၍လည်းကောင်း စပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းရေးကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့အပြင် ဒေသအတွင်းရှိ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ စပါးနှင့် ငရုတ်ကောင်းကဲ့သို့ ဝင်ငွေတိုး အကျိုးရှိစေမည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုအပ်သည်။ အထူးသဖြင့် ဒေသ၏ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် ဆီအုန်းနှင့်ရော်ဘာတို့ကို အဓိကထား၍ စိုက်ပျိုးခြင်းဖြင့် ပြည်ပသို့ပင် တင်ပို့နိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ဆီအုန်းစိုက်ခင်းများတည်ရှိရာ နယ်မြေတစ်လျှောက်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဖြည့်ဆည်းထူထောင်ပေးထားပြီးဖြစ်ရာ ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှုတို့အတွက် များစွာအဆင်ပြေလွယ်ကူလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၌ စားသုံးဆီဖူလုံရေး၊ တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် အမြန်ဖြစ်ပေါ်လာရေးတို့အတွက် ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဆီအုန်းစိုက်ဧကေါ့သိန်း အပြည့်အဝရရှိစေရေး နှစ်အလိုက် အားသွန်ခွန်စိုက်တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုကဗျာ

မျက်မြင်ထင်ရှား သက်သေများ

☆ "၁၂၄"နှစ်၊ နယ်ချဲ့ခေတ်တည့်
နှံ့နှစ်ဇာတ်သွင်း၊ သူ့လက်တွင်း၌
တစ်စင်းသာမျှ၊ မြင်ခဲ့ရ၏
အင်းဝတံတား
ထင်ရှားသက်သေ ရှိ၍နေဆဲ။

☆ နှစ်"၄၀"ဖြစ်၊ ပြည်တွင်းစစ်တည့်
မွန်းနစ်မှောင်မည်း၊ သူသွေးခွဲ၍
ကြိုးဆွဲရာက၊ ဖြစ်ခဲ့ရ၏
ဒုက္ခ ထွေပြား
ထင်ရှားသက်သေ ရှိ၍နေဆဲ။

**☆ မျက်မှောက်တစ်ခေတ်၊ "၁၆"နှစ် တည့်
ချစ်မြတ်ကြည်ဖြူ၊ အောင်လံထူပြီ
ပြည်သူနှင့်တပ်၊ ကျောချင်းကပ်လျက်
ကိုယ့်ရပ်ကိုယ့်မြေ၊ အခွန့်ရှည်ဖို့
ကိုယ့်ဆွေကိုယ့်သား၊ မေတ္တာထား၍
ကိုယ့်အားကိုယ်ကိုး၊ ဝိုင်းသယ်ပိုးခဲ့
အကျိုးကျေးဇူး၊ အထူးထူးမှ
မြစ်ကူးတံတား၊ သက်သေထားသော်
အစင်းပေါင်း ၂၀၀ ကျော်တော့မည်။ ။**

သီဟအောင်

မြန်မာ့ကျောက်မျက်ရတနာပြပွဲ

သံအမတ်ကြီးများနှင့် စစ်သံမှူးများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့ နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ လာရောက်ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

(၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲသို့ ရတနာကုန်သည် ၄၇၉ ဦး ရောက်ရှိနေ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ခြောက်နိုင်ငံ၊ ကုမ္ပဏီ ၉၄ ခုမှ ရတနာကုန်သည် ၂၅၃ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၇၉ ခုမှ နိုင်ငံသား ရတနာကုန်သည် ၂၂၆ ဦး စုစုပေါင်း ရတနာကုန်သည် ၄၇၉ ဦးရောက်ရှိနေကြပြီဖြစ်သည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြရာ ပြပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ကျောက်စိမ်း၊ကျောက်မျက်၊ ပုလဲဆပ်ကော်မတီအတွင်းရေးမှူးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

ယနေ့အထိ ရောက်ရှိလာကြသော ပြည်ပရတနာကုန်သည် အများစုမှာ ယမန်နေ့က အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းဖြင့် ဟောင်ကောင်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုင်းနိုင်ငံနှင့် ကူမင်းမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြည်ပရတနာကုန်သည်များ ဆက်လက်ရောက်ရှိကြမည်ဖြစ်သည်။

(သတင်းစဉ်)

အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

အထက(၁)ကမာရွတ်(မရမ်းခြံ)ကျောင်းသူဟောင်းများ၏(၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက(၁) ကမာရွတ်ကျောင်းခန်းမတွင်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည့် ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ဘားအံတက္ကသိုလ်

ကရင်ပြည်နယ် ဘားအံမြို့၌ တည်ဆောက်ဖွင့်လှစ်လိုက်သည့် ဘားအံတက္ကသိုလ် ပင်မအဆောက်အအုံကို(၉-၂-၂၀၀၄)နေ့က ခမ်းနားထည်ဝါစွာ တွေ့ရစဉ်။

ချွေးတွေ စို့ရွှဲနေသော်လည်း မမောနိုင်ပါ(၂)

☆ **ရွှေဖုံးမှ**

ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် နည်းပြများကို လုပ်ဖော်ကိုင်ဖက် ရဲဘော်များကဲ့သို့ ထပ်တူထပ်မျှသဘောထား၍ယုံကြည်မှု၊ မျှော်လင့်မှုအပြည့်ဖြင့် ရင်းရင်းနှီးနှီး ပြောကြားနေခြင်းဖြစ်ရာ အသက်ဝင်လှသည်။ ဘားအံတက္ကသိုလ်သို့ ရောက်ရှိချိန်သည် နေ့လယ်ပိုင်းဖြစ်နေသည့်အပြင် ခန်းမမှာတည်ဆောက်မှုအရ အဆင့်မြင့်သည်မှာ မှန်သော်လည်း လေအဝင်အထွက် အားနည်းသဖြင့် ချွေးတွေစိုရွှဲလာသည်။ သို့ရာတွင် နိုင်ငံတော်အကြီးအကဲမှာ မမောနိုင်ပါ၊ မအိုက်နိုင်ပါ။ တက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတော်အနာဂတ်၏ အားကိုးအားထားအရည်အသွေး မြင့်သော လူ့အရင်းအမြစ်များ မွေးထုတ်သည့် ဌာနများဖြစ်၍ စိတ်ဝင်စားစွာ အားစိုက်လျက်ရှိသည်။

နိုင်ငံတော်၏ ပညာရေးစနစ်ကို ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်သည်။ နိုင်ငံတော်ကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်ရာ၌ နိုင်ငံသူ၊နိုင်ငံသားများ၏ အသိပညာနှင့်အတတ်ပညာ အဆင့်အတန်းမြင့်မားမှုက အချက်အချာကျလျက်ရှိသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာနှင့် ယှဉ်ကြည့်လိုက်ရင် အတော်ကိုနောက်ကျကျန်ရစ်ခဲ့ကြောင်း၊ ကမ္ဘာ့ပညာရေးနယ်ပယ်ဟာ အရှိန်အဟုန်နဲ့မြင့်မြင့်မားမား တိုးတက်ပြောင်းလဲနေချိန်မှာ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကို အချိန်မီသုံးသပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲမှုမလုပ်ရင် ပိုမိုနောက်ကျကျန်ရစ်သွားမှာဖြစ်ကြောင်း။

ဒါ့အပြင် အာဆီယံအဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံအားလုံးဟာ သက္ကရာဇ်၂၀၂၀ခုနှစ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဖြစ်ရမယ်ဆိုတဲ့ မျှော်မှန်းချက်ချမှတ်ထားပြန်တဲ့အတွက် ကျွန်တော်တို့ရဲ့ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အချိန်မီကြိုးပမ်းထူထောင်ဖို့ လိုအပ်လာကြောင်း"

စသည်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများ လုပ်နေရခြင်း၏ အကြောင်းရင်းများကို ပြန်လည်ရှင်းလင်းပြသည်။

ထို့ပြင်နိုင်ငံတော်အကြီးအကဲက ဒုတိယကမ္ဘာစစ်အပြီး၌ ဖန်တီးနိုင်စွမ်းရှိသော လူ့အရင်းအမြစ်များ ပြည့်စုံသည့် နိုင်ငံများအနေဖြင့် မြန်မြန်ဆန်ဆန် ပြန်လည်နာလန်ထူလာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာပုံ၊ အချို့ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆရာဝန်မရှိ၊ အင်ဂျင်နီယာမရှိ၊ အနိမ့်ဆုံးရုပ်ရှင်သရုပ်ဆောင် ပညာသည်ပင်မရှိ၍ အခက်အခဲများ ကြုံတွေ့ရပုံတို့ကို နှိုင်းယှဉ်ပြသည်။

မိမိတို့နိုင်ငံမှာမူ အလဟဿအချည်းနှီးအကုန်ခံခဲ့ရသည့်နှစ်တွေ ရှည်ကြာခဲ့သော်လည်း အသိပညာရှင်၊ အတတ်ပညာရှင်စသည့် ပညာတတ်များရှိနေသေး၍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကိုယ့်ခြေကိုယ့်လက်ဖြင့် ဝင့်ဝင့်ကြွားကြွားတည်ဆောက်နိုင်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်က အသိပညာရှင်များကို အလေးထားအားကိုးခြင်းဖြစ်သည်။ အသက်(၆၀)ပြည့်သွားသည့် ပညာရှင်များအနက် ကျန်းမာရေးပြည့်စုံပြီး ဆက်လက်တာဝန်ပေးသင့်သူများကို တုံ့ဆိုင်းမှုမရှိ၊ ဖြစ်နိုင်သမျှ ဆက်လက်ခန့်ထား တာဝန်ပေးထားသည်။

ဝါရင့်သမ္မာရင့်ပညာရှင်များကိုလည်း နိုင်ငံတော်တည်ဆောက်ရေး၌ တစ်တပ်တစ်အား ပါဝင်နိုင်အောင် စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေး၊ဆေးဝါး၊ နည်းပညာ၊ ဝိဇ္ဇာနှင့်သိပ္ပံစသည်ဖြင့် ဘာသာရပ်အလိုက် နိုင်ငံတော်အဆင့်ပညာရှင်အဖွဲ့များဖွဲ့၍ တာဝန်ပေးချီးမြှင့်သည်။

သို့ရာတွင် ယနေ့လူ့အဖွဲ့အစည်းသည် ပညာကိုအသားပေးလေ့လာနေသည့် ပညာခေတ်လူ့အဖွဲ့အစည်းဖြစ်သည်။ နည်းပညာ၊အတတ်ပညာဆိုင်ရာ ဘာသာရပ်အသစ်များ ပေါ်ထွက်လာနေသည့်နည်းတူ လေ့လာသင်ယူနေဆဲ ဘာသာရပ်များကလည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတကာပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် အလွန်ပင်မြန်ဆန်နေသည်။ ထို့ကြောင့် နိုင်ငံတော်သည် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်၍ လိုအပ်သော ခေတ်မီပညာရေးအခြေခံများကို ပြည့်စုံအောင် အမြန်ဆုံးဖြည့်ဆည်းထူထောင်ရသည်။ အခြေခံပညာကဏ္ဍရော၊ အဆင့်မြင့်ပညာကဏ္ဍပါ အကျုံးဝင်သည့် (Integrated Educational Reform) ကိုချမှတ်ရသည်။

နိုင်ငံတော်အကြီးအကဲက-

"ဒါကြောင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး လှုပ်ရှားမှုတွေ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ စတဲ့ ဆောင်ပုဒ်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများ ပြုလုပ်နေရကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်ပြီး လိုအပ်သော အခြေခံများကိုပြည့်စုံအောင် အမြန်ဆုံးဖြည့်ဆည်းထူထောင်ရကြောင်း"။

"ဖွံ့ဖြိုးရေးဒေသ ၂၄ခု၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များ ထူထောင်ပြီး မြို့ကြီးပြကြီးများ၌သာ အဆင့်မြင့်ပညာသွားရောက်သင်ကြားနေရသည့်အစား ဒေသအလိုက် အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို စီမံဖော်ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် ပညာသင်ကြားခွင့်တွေ ရရှိလာတာနဲ့အမျှ ဒေသအလိုက်လိုအပ်တဲ့ လူ့အရင်းအမြစ်များ ထွက်ပေါ်လာပြီး ဒေသခံပညာတတ်တွေက မိမိဒေသဖွံ့ဖြိုးရေးကို အလေးထားလုပ်ကိုင်လာနိုင်ကြမှာဖြစ်ပါကြောင်း၊ ဒါမှလည်း ဒေသတစ်ခုနဲ့ တစ်ခုအကြား ဆူကြွနိမ့်မြင့် ကွာဟမှု တွေဟာလည်း လျော့နည်းကျဆင်းသွားမှာဖြစ်ကြောင်း"

ရှင်းလင်းပြောကြားသည်။ သို့မှလည်း ဒေသအလိုက် ပညာတတ်များပေါ်များလာသည်နှင့်အမျှ အနိမ့်ဆုံးကျေးရွာ၊ ရပ်ကွက်ခေါင်းဆောင်များသည်ပင် တစ်ချိန်၌ တက္ကသိုလ်ဆင်းပညာတတ်များဖြစ်လာပြီး အောက်ခြေအဖွဲ့အစည်းများ၏ လုပ်ရည်ကိုင်ရည်သည်လည်း မြင့်မားလာမှာဖြစ်သည်ဟု မျှော်မှန်းနိုင်မှာဖြစ်သည်။ သေစာ၊ရှင်စာတတ်ရုံမျှဖြင့် သိမ်မွေ့ရှုပ်ထွေးမြားမြောင်လှသော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရာ၌ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရသည့် အကြောင်းရင်းများနှင့် သတိထားသင့်သည်များကိုလည်း တစ်ပါတည်း သတိပေးညွှန်ပြသည်-

"နိုင်ငံတကာရဲ့ ပြောင်းလဲတိုးတက်နေသည့် အရှိန်အဟုန်ကို အဆင့်အတန်းရှိရှိ အမီလိုက်နိုင်ရန်အတွက် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်လှမ်းချင်းလိုက်နေ၍ မဖြစ်နိုင်ဘဲ ရှေ့ကိုအားထည့်ကျော်လွှားခြင်းဖြင့် လိုက်ရမှာဖြစ်ကြောင်း၊ သူများခြေလှမ်း တစ်လှမ်းလှမ်းပါက မိမိတို့က လေး၊ ငါး၊ ဆယ် လှမ်း လှမ်းနိုင်ရမှာ ဖြစ်ကြောင်း"။

ဒီလိုရှေ့ကို အားထည့်ကျော်လွှားရတဲ့အခါ မိမိတို့ မွေးထုတ်သည့် လူ့အရင်းအမြစ်များသည် အရည်အချင်း အရည်အသွေးမမီသည့် လူ့အရင်းအမြစ်များ ဖြစ်မသွားစေဘဲ အရည်အသွေးပြည့်မီသော လူ့အရင်းအမြစ်များဖြစ်လာအောင် အလေးထားရမှာဖြစ်ကြောင်း"။

အမှန်တကယ်ပင် အရည်အချင်းအဆင့်အတန်းမီသည့် ပညာတတ်များ၊ အင်ဂျင်နီယာများ၊ တတ်သိပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက သင်ကြားပို့ချသည့် ဆရာ၊ ဆရာမများ၏ အရည်အချင်း မြင့်မားရေးအတွက် ဦးစားပေးသည်။ ပြည်တွင်း၊ ပြည်ပ လေ့လာသင်ကြားမှု အစီအစဉ်များ၊ ဘွဲ့လွန်မဟာတန်း၊ ပါရဂူတန်းပါမကျန် တင်ပြလာလျှင် ခွင့်ပြုပေးနေသည်သာဖြစ်သည်။ အရည်အချင်း ပြည့်မီသူများကသာ အရည်အချင်းရှိသောသူများကို မွေးထုတ်နိုင်မည်ဟု ခံယူထားပြီးဖြစ်၍ ဆရာ၊ဆရာမများ၏ ပညာအရည်အသွေးနှင့် စိတ်ထားစေတနာကို မြင့်မားသည်ထက် မြင့်မားအောင်၊ ဂုဏ်ယူဝင့်ကြွားနိုင်အောင် စေတနာအပြည့်ဖြင့် ဖြည့်ဆည်းပေးနေသည်မှာ လက်တွေ့ဖြစ်သည်။

လူအပိုင်းသာမက အဆောက်အအုံပိုင်းနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းပိုင်းကိုလည်း ဒေသအလိုက်ပြည့်စုံအောင်၊ ခေတ်မီအောင် ငွေကြေးကုန်ကျခံပြီး ဖြည့်ဆည်းပေးနေသည်သာဖြစ်သည်။ မြိတ်တက္ကသိုလ်၊ထားဝယ်တက္ကသိုလ်၊မော်လမြိုင်တက္ကသိုလ်၊ဘားအံတက္ကသိုလ်အပါအဝင် ဒေသအလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ကောလိပ်တွေ၏ အဆောက်အအုံများသည် မည်ရွေ့မည်မျှ ခံ့ညားထည်ဝါနေကြသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်သည်။

ထို့ပြင် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်အတန်းများနှင့် ညီညွတ်မှုရှိစေရန်၊ နိုင်ငံတော်၏လိုအပ်ချက်၊ ဒေသအလိုက် လိုအပ်ချက်များနှင့် ကိုက်ညီစေရန် အပြန်အလှန်ညှိနှိုင်းပြီး ရေးဆွဲထားပြီးဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်အားလုံးမှာပင် Electronic Learning Centre တွေ ထူထောင်ပြီးဖြစ်သည်။ e-Mail တွေ၊ Fax တွေ၊ VSAT တွေအသုံးပြုနိုင်ပြီဖြစ်သည်။ စာရေးသူတို့ငယ်စဉ်က အခြေအနေမျိုးနှင့် တခြားစီဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ရေရှည်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်မြက်သော လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရန် နိုင်ငံတော်အပိုင်း က တာဝန်ယူရမည်များကို တာဝန်ကျေပွန်စွာ ရင်းနှီးမြှုပ်နှံဖြည့်ဆည်းထူထောင်အားပေးနေသည်မှာ မည်သည့်ခေတ်ကာလနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်ဟုဆိုရပါမည်။

အရည်အချင်းပြည့်မီသည့် ဆရာများ၊ ခေတ်မီသင်ရိုးညွှန်းတမ်းများ၊ ခေတ်မီအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံပြီဆိုလျှင် ထိုထိုသော တက္ကသိုလ်၊ကောလိပ်များသည် အမျိုးသား ပညာရည်မြင့်မားရေး ရေရှည်မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်သာရှိသည်။ သို့မှသာ အနှစ်သာရပြည့်ဝသော၊ သမိုင်းပေးတာဝန်ကျေပွန်သော တက္ကသိုလ်၊ ကောလိပ်များဖြစ်လာမှာဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် မျိုးဆက်သစ် နိုင်ငံသားကောင်း လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အဓိကအရေးအကြီးဆုံးဖြစ်သည်။ နိုင်ငံတော်ပညာရေးစီမံကိန်း၏ အနှစ်သာရသည် ညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကိုယ်စားပြုနိုင်စွမ်းရှိသော အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖြစ်ထွန်းရေးပင်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံ့ခေါင်းဆောင်က ...

"ဆရာ၊ ဆရာမများကလည်း အနာဂတ်ကို ရှုမျှော်ပြီး မိမိတို့၏ တပည့်များကို အရည်အချင်းရှိသော တပည့်များဖြစ်အောင် စေတနာထား၍ ပြုစုပျိုးထောင်ပေးစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း အရည်အသွေးမြင့်မားသည်ထက် မြင့်မားနေအောင် အမြဲလေ့လာဆည်းပူးကြရမှာဖြစ်ကြောင်း။"

"နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းချက်များကို နားလည်ပြီး နိုင်ငံတော်၊ ဆရာနှင့် ကျောင်းသားဟန်ချက်ညီညီ လက်တွဲပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်သွားကြရမှာဖြစ်ကြောင်း"

ဖြင့် တက္ကသိုလ်တိုင်း၌ တိုက်တွန်းမှာကြားလမ်းညွှန်သည်။ တက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတော်အနာဂတ်၏ အခြေအမြစ်များအဖြစ် အလေးထားခြင်းဖြစ်၍လည်း မမောမပန်းနိုင်ဘဲ ရှင်းလင်းနေခြင်းဖြစ်သည်။

တနင်္သာရီ၊ မွန်၊ ကရင် ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များစွာရှိသည့်အနက် ပညာရေးနှင့်စပ်လျဉ်းသည့် အထက်ပါလမ်းညွှန်ချက်များသည် ပညာရေးလောကသားများနှင့်သာ သက်ဆိုင်သည်မဟုတ်ပါ။ မိဘတိုင်း၊ ပညာရေးကို လိုလားမြတ်နိုး ဆည်းပူးနေသူတိုင်း၊ ထို့အပြင် နိုင်ငံသားတိုင်းနှင့်ပါ သက်ဆိုင်အကျုံးဝင်သည်။ နိုင်ငံတော် အကြီးအကဲ လမ်းညွှန်သည့်အတိုင်း အရည်အသွေးမြင့်မားသော လူ့အရင်းအမြစ်များ (Highly Qualified Human Resources) ပြည့်စုံမှလည်း နိုင်ငံတော်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ဝင့်ဝင့်ကြွားကြွား တင့်တောင့်တင့်တယ် ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်မှာဖြစ်သည်။

ဤသို့ရပ်တည်နိုင်ရေးသည် နိုင်ငံတော်ကိုချစ်မြတ်နိုးသော ပြည်ထောင်စုသားအားလုံး၏ အရေးပင်ဖြစ်သည်ဟု လေးနက်စွာခံယူ၍ ပညာရေးဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ထိန်းသိမ်း ကာကွယ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာဖြစ်ပါကြောင်း မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။

နိုင်ငံတကာ သတင်းများ

အီရတ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၁၂

အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။ အမေရိကန်၏ အပေါင်းပါတပ်ဖွဲ့အတွက် လုပ်ကိုင်ပေးနေသော အမေရိကန်အရပ်သား ဝန်ထမ်းများနှင့် ၎င်းတို့၏ စကားပြန်တို့ သေဆုံးမှု၏နောက်ကွယ်တွင် အီရတ်ရဲတပ်ဖွဲ့က ကြိုးကိုင်နေသည်ဟူသော စိုးရိမ်မကင်းဖြစ်မှုများ တိုးပွားလာနေစဉ် ယင်းတိုက်ခိုက်မှု ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။

ဟာဘင်နီယာ အရှေ့မြောက်ဘက်တွင် အိမ်လုပ်ဗုံးကို အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဟမ်းဗီးမော်တော်ယာဉ် နင်းမိပေါက်ကွဲပြီး တပ်ဖွဲ့ဝင်နှစ်ဦး ကြာသပတေးနေ့တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ထိခိုက်ဒဏ်ရာရ

တတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးသည် ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတင်ခဲ့ရာ အခြေအနေ ကောင်းမွန်သည်ဟု သိရသည်။ ယင်းတပ်ဖွဲ့ဝင်များသည် အမှတ်(၁) တိုက်ခိုက်ရေး တပ်မဟာ၏ အစိတ်အပိုင်း တပ်ဖွဲ့တစ်ခုဖြစ်သည်။

အရပ်သားများ အင်္ဂါနေ့က ပစ်ခတ်မှုကြောင့် သေဆုံးခဲ့မှုသည် လုံခြုံရေးကိစ္စအတွက် စိုးရိမ်ပူပင်စရာဖြစ်စေခဲ့သည်။

အိုကလာဟိုးမား ပြည်နယ်မှ လူ့အခွင့်အရေးကျွမ်းကျင်သူ အသက် ၃၃ နှစ်ရှိ ဖန်ဟော်လန်သည် ဟီလာဒေသတွင် အမျိုးသမီးရေးရာကိစ္စများအတွက် လုပ်ငန်းဆောင်ရွက်နေစဉ် သေဆုံးခဲ့ရသည်။

အခြားသေဆုံးသူ အမေရိကန်တစ်ဦးမှာ ရောဘတ်ဇျေဇန်ဂက်ဖြစ်ပြီး ပစ်စဘတ်ဒေသတွင် နေထိုင်သူဖြစ်သည်။ အသက် ၄၄ နှစ်ရှိသူ ဇန်ဂက်သည် အရန်မရိန်းတပ်ဖွဲ့နှင့်အတူ အီရတ်နိုင်ငံသို့ ယမန်နှစ်က သွားရောက်ခဲ့ပြီး ဒေသဆိုင်ရာ ပြန်ကြားရေးအရာရှိဖြစ်သည်။

အင်္ဂါနေ့က ပစ်ခတ်တိုက်ခတ်မှုများက ဖြစ်နိုင်ခြေ အလားအလာနှစ်ရပ်ကို ပေါ်ထွန်းစေသည်။ ပထမအလားအလာမှာ ပြောက်ကျားများသည် အီရတ် ရဲတပ်ဖွဲ့ဝင်အဖြစ် အယောင်ဆောင်ပြီး နည်းဗျူဟာသစ်ထွင်၍ တိုက်ခိုက်ခြင်းလော၊ သို့မဟုတ် အမေရိကန်က လေ့ကျင့်ပေးထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့က တိုက်ခိုက်မှုလောဆိုသည့် အလားအလာများပင် ဖြစ်သည်။ **အင်တာနက်။**

မတ် ၁၁ ရက်က အီရတ်နိုင်ငံ ဒီဝါနီယာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသည့် စပိန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၅၄ ဦး ရှိပြီ

ဘဂ္ဂဒက် မတ် ၁၁

အီရတ်စစ်ပွဲ စတင်ချိန်မှ ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၅၄ ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ကြေညာသည်။

သေဆုံး

တပ်ဖွဲ့ဝင် ၃၈၀ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၇၄ ဦးမှာ အခြားသောအကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဌာနက ပြောကြားသည်။

ဗြိတိသျှ တပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ ဒိန်းမတ်၊ ယူကရိန်း၊ အက်စ်တိုနီးယားနှင့် ပိုလန်တို့မှ တစ်ဦးစီ သေဆုံးကြောင်း ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်ပြီဖြစ်ကြောင်း မေ ၁ ရက်က ကြေညာပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၆ ဦး သေဆုံးခဲ့ရာတွင် ၂၆၅ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၅၁ ဦးမှာ အခြားသောအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါဌာနက ဆက်လက်ဖော်ပြသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၂၇၇၇ ဦး တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး တပ်ဖွဲ့ဝင် ၄၂၄ ဦးသည် အခြားအကြောင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာနက ဖော်ပြသည်။ **အင်တာနက်။**

မတ် ၁၂ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်တွင် နှစ်နေရာ၌ ရဲများနှင့် တိုက်ခိုက်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁၂

အီရတ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က သီးခြားတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားရာ အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးတို့ သေဆုံးခဲ့ရသည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ဆိုင်ရာများထံမှ ရရှိသောသတင်းများက ဆိုသည်။

သေဆုံး

ဘဂ္ဂဒက်မြို့၏ တောင်ဘက် ကီလိုမီတာ ၃၅၀ အကွာရှိ နာဆရီယားမြို့တွင် ပြည်သူ့စစ်တပ်ဖွဲ့များက အီရတ်အရပ်သားနှစ်ဦးကို ထိန်းသိမ်းခဲ့သည်။ ထိုလူများကို ရဲတပ်ဖွဲ့က ကယ်တင်ရန်ကြိုးပမ်းစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရပြီး အခြားရဲနှစ်ဦး ဒဏ်ရရှိခဲ့ကြောင်းသိရသည်။

ခုခံရင်ဆိုင်

အီရတ်နိုင်ငံသား လုံခြုံမှုထိန်းသိမ်းရေး အဖွဲ့အစည်းဟုခေါ်သော ပြည်သူ့စစ်များ၏ စခန်းအတွင်းသို့ အီရတ်ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရန်ကြိုးပမ်းစဉ် ခုခံမှုများနှင့် ရင်ဆိုင်ခဲ့ကြရခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ နယ်စပ်အနီးရှိ ကွမ်မြို့၌လည်း မျက်နှာဖုံးစွပ်ထားသော သေနတ်သမားများက ပစ်ခတ်သည့်အတွက် စားသောက်ဆိုင်တွင် နေ့လယ်စာစားရန် ပြင်ဆင်နေကြသော အီရတ်ရဲတပ်ဖွဲ့ဝင်များကို ထိမှန်သွားသည်။ ရဲနှစ်ဦးသေဆုံးပြီး အခြားရဲတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ခိုက်

အမေရိကန်စစ်ဘက်က မြို့အတော်များများ၏ လုံခြုံရေးကို အီရတ် ရဲတပ်ဖွဲ့ဝင်များ တာဝန်ယူရန် လွှဲအပ်ပေးပြီးနောက်ပိုင်းတွင် အီရတ် ရဲတပ်ဖွဲ့ဝင်များကို ပြောက်ကျားများက ဖိ၍ တိုက်ခိုက်လာကြခြင်းဖြစ်သည်။

အီရတ်လက်နက်ကိုင် တပ်ဖွဲ့ကိုအပေါင်းပါ တပ်ဖွဲ့များက ဖွဲ့စည်းလေ့ကျင့်ပေးခဲ့သည်။ ထို့နောက်ပိုင်း စတင်တာဝန်ထမ်းဆောင်စေခဲ့သည့် အချိန်မှစ၍ ယနေ့အထိ ကြားကာလအတွင်း အသက်ဆုံးရှုံးခဲ့ရသော အီရတ်ရဲတပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၃၀၀ ကျော်သွားပြီဟု အပေါင်းပါတပ်ဖွဲ့အာဏာပိုင်များက ပြောကြားကြသည်။

သို့ရာတွင် ကြားဖြတ် အီရတ်အုပ်ချုပ်ရေးကောင်စီ၏ အီရတ် ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရမူ သေဆုံးခဲ့သော ရဲသားဦးရေမှာ ၆၀၀ ကျော်သွားပြီ ဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

စပိန်နိုင်ငံတွင် ဗုံးများပေါက်ကွဲ လူ ၁၉၂ ဦး သေဆုံး

မဒရစ် (စပိန်) မတ် ၁၂

စပိန်နိုင်ငံတွင် ကြာသပတေးနေ့က ဗုံးများဆက်တိုက် ပေါက်ကွဲမှုကြောင့် ရထားလေးစင်း ထိမှန်ပျက်စီးသွားပြီး လူ ၁၉၂ ဦးထက် မနည်းသေဆုံးကာ လူ ၁၄၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိသွားသည်။ စပိန်နိုင်ငံက ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ ခွဲထွက်ရေးသမားများ၏ လက်ချက်ဟု စွပ်စွဲပြောကြားသည်။ သို့ရာတွင် အုပ်စုတစ်စုက အကြမ်းဖက်အုပ်စုတွင် တာဝန်ရှိကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုသည် စပိန်နိုင်ငံရာဇဝင်တွင် အဆိုးရွားဆုံးသော တိုက်ခိုက်မှုဖြစ်သည်ဟုဆိုသည်။ ပြည်ထဲရေးဝန်ကြီးဌာနက လူ ၁၉၃ ဦး သေဆုံးပြီး ၁၄၂၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ပြောကြားသည်။ **အင်တာနက်။**

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့အတွက် အဝတ်လျှော်ဖွပ်ပေးသူ အီရတ်ညီအစ်မ အသတ်ခံရ

ဘာဆရာ(အီရတ်) မတ် ၁၁

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်တပ်ဖွဲ့များနှင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နေသူများကို ပစ်မှတ်ထားကာ တွန်းလှန်တိုက်ခိုက်ရေးသမားများက တိုက်ခိုက်နေလျက်ရှိစဉ် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအတွက် အဝတ်လျှော်ဖွပ်ပေးသည့်လုပ်ငန်းတွင် ဆောင်ရွက်နေသည့် အီရတ်သူညီအစ်မနှစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ပစ်သတ်ခံရသည်။

ကယ်လော့ဘရောင်းနှင့် ရှအမေရိကန်ကုမ္ပဏီက ခန့်အပ်ထားသည့် အီရတ်သူ ညီအစ်မနှစ်ဦးသည် အငှားကားစီးလာစဉ် လက်နက်ကိုင်များက ရပ်ခိုင်းပြီး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အပေါင်းပါတပ်ဖွဲ့၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တွန်းလှန်

အမေရိကန်ဦးဆောင်တပ်ဖွဲ့များနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် အီရတ်နိုင်ငံသူ၊ နိုင်ငံသားတို့အား တွန်းလှန်တိုက်ခိုက်ရေးသမားဟု သင်္ကာမကင်းဖြစ်ရသူများက တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာတွင် ယခုပစ်ခတ်မှုသည် နောက်ဆုံးပစ်ခတ်တိုက်ခိုက်မှုဖြစ်ရပ် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုံးခွဲတိုက်ခိုက်ခံရသောကြောင့် သေဆုံးခဲ့သည်။

ယင်းတပ်ဖွဲ့ဝင်သည် အမှတ်(၆၅၂) အင်ဂျင်နီယာ တပ်ရင်းမှဖြစ်ပြီး ဘာကူဘာမြို့တွင် အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးအနက်မှ တစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ လွန်ခဲ့သည့်နှစ်က တိုက်ခိုက်ပြီးနောက် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၎င်းတပ်ဖွဲ့ဝင် အပါအဝင် ၅၅၄ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ **အင်တာနက်။**

အီရတ်နိုင်ငံ အနာဂတ်စစ်ဆင်ရေး ကုန်ကျစရိတ်ခန့်မှန်းချက် ဘုရှ်အစိုးရ မပေးနိုင်၍ အမေရိကန်ဒီမိုကရက်တစ်အမတ်များ ဝေဖန်

မတ်လ ၁၂ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့ လမ်းတစ်လမ်းတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် မတ် ၁၀

အီရတ်အနာဂတ်စစ်ဆင်ရေး ကုန်ကျစရိတ်များကို ခန့်မှန်းပေးရန် ဖိအားပေးခံရသည့် အမေရိကန် စစ်ဌာနချုပ်က ယင်းစရိတ်များကို ခန့်မှန်းရန် ခက်ခဲကြောင်း ထပ်မံပြောကြားလိုက်သည်။

ကုန်ကျစရိတ်ခန့်မှန်းချက်ပေးရန် သမ္မတဘုရှ်အစိုးရက ငြင်းပယ်နေခြင်းကြောင့် အီရတ်စစ်ဆင်ရေးနှင့် ပတ်သက်၍ အမေရိကန်ပြည်သူတို့၏ ထောက်ခံမှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ပြင် အမေရိကန်သမ္မတအိမ်ဖြူနှင့် အမေရိကန်အမတ်များအပေါ် ယုံကြည်မှုလျော့ပါးသွားနိုင်ကြောင်း ဝေဖန်ပြောကြားကြသည်။

မိမိတို့အနေဖြင့် သတင်းမှန်များ ရရှိနေရန်လိုအပ်ကြောင်း၊ သို့မှသာလျှင် အခွန်ထမ်းပြည်သူများနှင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းနိုင်မည်ဖြစ်ကြောင်း ဝစ္စကွန်ဆင်ပြည်နယ် ဒီမို ကရက်တစ်အောက်လွှတ်တော်အမတ် ဒေးဗစ်အိုဘေးက အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲအား ပြောကြားသည်။ ယခုအခါ မိမိတို့မည်သည့်သတင်းအချက်အလက်မျှ မရရှိခဲ့ဟု ၎င်းက ပြောဆိုသည်။

စစ်ဆင်ရေးစရိတ်နှင့် ပတ်သက်၍ အမေရိကန် သမ္မတအိမ်ဖြူက ပြောကြားပေးရန် ရှောင်လွှဲနေခြင်းသာဖြစ်ကြောင်း အနောက်ဗာဂျီးနီးယားပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ရောဘတ်ဘတ်က ဝေဖန်ပြောကြားသည်။

အင်တာနက်။

အီရတ်၌ ကုန်ကျစရိတ်တွက်ချက်မှုတွင် ပြဿနာများရှိ ဟာလီဘာတန်ကုမ္ပဏီကို ကန်စစ်ဘက် ဘဏ္ဍာရေးအရာရှိချုပ်စွပ်စွဲ

ဝါရှင်တန် မတ် ၁၂

ရာထူးမှနုတ်ထွက်တော့မည့် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ဘဏ္ဍာရေးအရာရှိချုပ်က အမေရိကန်ဒုသမ္မတ ဒစ်ချေနီတာဝန်ယူခဲ့ဖူးသော ဟာလီဘာတန်ကုမ္ပဏီသည် အီရတ်နိုင်ငံတွင် ဆောင်ရွက်မည့်လုပ်ငန်းအတွက် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်မှုများနှင့် ပတ်သက်၍ ပြဿနာကြီးကြီးမားမားများရှိကြောင်း ပြောဆိုကာ ကြာသပတေးနေ့က ဝေဖန်ပြောကြားလိုက်သည်။

ဟာလီဘာတန်ကုမ္ပဏီ၏ ကုမ္ပဏီခွဲများဖြစ်ကြသော ကဲလော့ဘရောင်းနှင့် ရုတ် ကုမ္ပဏီတို့၏ စုစုပေါင်း ဒေါ်လာ ၁၈ဘီလျံခန့် တန်ဖိုးရှိသည့် ကန်ထရိုက်လုပ်ငန်းများကို လုပ်ကိုင်နေသည့် အီရတ်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ အကြီးဆုံးကုမ္ပဏီများ ဖြစ်ကြသည်။

အဆိုပါ ကုမ္ပဏီသို့ ဒေါ်လာ ၁၁သမ ၂ဘီလျံဖိုးရှိသည့် ကန်ထရိုက်လုပ်ငန်း အသစ် တစ်ခုချမပေးမီ သုံးရက်အလိုက အမေရိကန်အောက်လွှတ်တော်၏ ပြုပြင်ပြောင်းလဲရေးကော်မတီရှေ့မှောက်၌ အဆိုပါ ဘဏ္ဍာရေး အရာရှိချုပ်က သက်သေခံထွက်ဆိုရာတွင် ကန်ထရိုက်လုပ်ငန်းများ နောက်ထပ် ချမပေးမီ မိမိတို့အား အသိပေးရန် စစ်ဘက်သို့ မိမိပြောဆိုထားကြောင်း ပြောကြားသည်။

အဆိုပါ ကုမ္ပဏီအား အသစ်ချပေးလိုက်သည့် ကန်ထရိုက်လုပ်ငန်းမှာ အီရတ်တောင်ပိုင်း ရေနံမြေအတွင်း ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖြစ်သည်။ ယခုအခါ အမေရိကန်ကြည်းတပ်မှ အင်ဂျင်နီယာ တပ်ရင်းသည် အလုပ်သစ်ချမပေးမီ ဘဏ္ဍာရေးအရာရှိချုပ်၏ ကြိုတင်မေတ္တာရပ်ခံချက်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းရှိ မရှိဆိုသော ကိစ္စနှင့် ပတ်သက်၍ ဖိအားပေး ခံနေရသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဆီးရီးယားနိုင်ငံကို အမေရိကန်အရေးယူလျှင် မှားယွင်းမည်ဟု တာဝန်ရှိပုဂ္ဂိုလ်များ ပြောကြား

ဒမတ်စကတ် မတ် ၁၂

အကြမ်းဖက်တိုက်ခိုက်မှုကိုထောက်ခံအားပေးသည်ဟု စွပ်စွဲထားကာ ဆီးရီးယားနိုင်ငံကို အမေရိကန်က အရေးယူလာလျှင် မှားယွင်းမည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

အရေးယူမည်

အမေရိကန်အစိုးရသည် ဒီဇင်ဘာလအတွင်း သမ္မတဘုရှ် လက်မှတ်ရေးထိုးထားပြီးဖြစ်သော ဥပဒေအရ အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆီးရီးယားကို မကြာမီအရေးယူတော့မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ဝီလီယမ်ဘန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကြိုးပမ်းချက်

ဆီးရီးယားနှင့်ပတ်သက်သည့်ဥပဒေသည် ဆီးရီးယားတွင် ရှိသည်ဟု ယူဆရသော မည်သည့်ဖျက်အားပြင်း လက်နက်ကိုမဆို စွန့်လွှတ်ကြောင်း ကတိပြုရေးအတွက် အမေရိကန်၏ ကြိုးပမ်းချက်ဖြစ်သည်။

စွပ်စွဲ

ဆီးရီးယားသည် အကြမ်းဖက်တိုက်ခိုက်မှုကို ထောက်ခံအားပေးကြောင်းနှင့် လက်ဘနွန်နိုင်ငံကို သိမ်းပိုက်ထားသည့်အပြင် အီရတ်နှင့် ယင်းနိုင်ငံတို့၏ နယ်စပ်ဒေသကို လုံခြုံအောင် ကာကွယ်ရန် ပျက်ကွက်ကြောင်း အမေရိကန် အစိုးရက စွပ်စွဲထားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်လေယာဉ်တင်သင်္ဘောမှ သင်္ဘောသားတစ်ဦး အရက်အလွန်အကျွံသောက်မိ၍ ဟောင်ကောင်တွင်သေဆုံး

ဟောင်ကောင် မတ် ၁၂

အမေရိကန် လေယာဉ်တင်သင်္ဘော ကစ်တီဟော့နှင့် လိုက်ပါလာသော သင်္ဘောသားတစ်ဦးသည် အရက်အလွန်အကျွံ သောက်မိသောကြောင့် ဟောင်ကောင်တွင် သေဆုံးသွားသည်ဟု ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

သေဆုံး

ကစ်တီဟော့လေယာဉ်တင်သင်္ဘောသည် မတ် ၆ရက်က ဟောင်ကောင်သို့ ရောက်ရှိလာသည်။ အသက် ၂၃နှစ်အရွယ်ရှိ သင်္ဘောသား သောမတ် ဒေါ့တ်တီသည် ကမ်းတက်ခွင့်ဖြင့် ကမ်းပေါ်သို့တက်၍ လည်ပတ်စဉ် အရက်အသောက်လွန်၍ သေဆုံးသွားရခြင်းဖြစ်ကြောင်း သိရသည်။

လဲကျ

သေဆုံးသွားသူ သင်္ဘောသား ဒေါ့တ်တီနှင့် အခြားအဖော်တစ်ဦးတို့သည် စင်မ်ရှာစုခေါ် ခရီးသွားများလာရောက် လည်ပတ်လေ့ရှိသော ရပ်ကွက်တွင် သွားရောက်၍ အရက်သောက်ခဲ့ကြသည်။ ထိုမှအငှားကားနှင့် ထွက်ခွာလာကြရာ ကားပေါ်မှ အဆင်းတွင် သတိမရတော့ဘဲ လဲကျသွားခြင်းဖြစ်သည်။

ဒေါ့တ်တီကို ဆေးရုံသို့ ခေါ်သွားခဲ့သော်လည်း အင်္ဂါနေ့ ညပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အတည်ပြု

အဆိုပါကိစ္စကို အမေရိကန်ကောင်စစ်ဝန်ရုံးကလည်း ကြေညာချက်ထုတ်ပြန်၍ အတည်ပြုခဲ့သည်။ သို့သော် အသေးစိတ် အချက်အလက်များကို ဖော်ပြခဲ့ခြင်းမရှိပေ။

ပြန်လည်ထွက်ခွာ

ကစ်တီဟော့ ဦးဆောင်သော တိုက်ခိုက်ရေး ရေယာဉ်စုမှာ ဗုဒ္ဓဟူးနေ့ စောစောပိုင်းတွင် ဟောင်ကောင်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မတ် ၁၂ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စစ်ဆေးရေးခံယူရန် တန်းစီစောင့်ဆိုင်းနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရဲများ ကြုံတွေ့ရသည့် အကျပ်အတည်းရှင်းပြ

ခါဒီယာ မတ် ၁၀

အီရတ်နိုင်ငံ ခါဒီယာမြို့၏ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မော်တော်ယာဉ်ကို လမ်းဘေး ဗုံးခွဲခံရကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

— သေဆုံး —

မြို့နယ် ရဲတပ်ဖွဲ့မှူးမှာ အသက်မသေသော်လည်း ယခင် တာဝန်ထမ်းဆောင်ခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ချုံခိုတိုက်ခိုက်ခံရပြီး လွန်ခဲ့သော ခြောက်လက သေဆုံးခဲ့သည်။

— ရင်ဆိုင်နေရ —

၎င်းတို့ ရဲတပ်ဖွဲ့ဝင်များမှာ တစ်ဖက်က ၎င်းတို့ကို အမေရိကန်တို့၏ အပေါင်းပါများအဖြစ် ရှုမြင်သည့် ပြည်သူများ၊ အခြားတစ်ဖက်တွင် မယုံကြည်ရသည့် အမေရိကန်တပ်ဖွဲ့ဝင်များ ထိုနှစ်ဖက်ကြားတွင် လက်နက်မပြည့်စုံသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များ ညှပ်ပူးညှပ်ပိတ် အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်းဖြင့် ခါဒီယာရဲစခန်းတွင် ရဲအရာရှိများက ရှင်းလင်း ပြောကြားသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က မဆင်မခြင်ပစ်ခတ်ခဲ့၍ အီရတ်တို့ သေဆုံးရမှု

အီရတ်နိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးအတွက် မားမားမတ်မတ် ရပ်တည်ပေးနေသည့် တပ်မတော် မရှိတော့သဖြင့် အီရတ်ပြည်သူများမှာ အားကိုးရာမဲ့ ဒုက္ခရောက်ကြရသည်။ အမေရိကန်တို့က အီရတ်ပြည်သူလူထုကို ကယ်တင်ပေးသူများအဖြစ် ၎င်းတို့ကိုယ်၎င်းတို့ ပြောဆိုနေကြသော်လည်း အီရတ်ပြည်သူများကမူ မည်သည့်နိုင်ငံခြားသားကမှ မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် စာနာထောက်ထားမှုမရှိပုံကို ယခုအခါ ခံစားနေကြရပြီဖြစ်သည်။

ဖေဖော်ဝါရီ ၁၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ကျောင်းဝင်းအတွင်း ဗုံးပေါက်ကွဲရာနေရာကို ကြည့်ရှုနေသည့် အီရတ်ကလေးငယ် တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝိုင်းဝန်းကြည့်ရှု

ဖေဖော်ဝါရီ ၁၆ ရက်က ဖော်လူဂျာမြို့အနီး အမီရိယာကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ မဆင်မခြင်ပစ်ခတ်မှုကြောင့် ရွာလူကြီးတစ်ဦး၏အိမ်ပျက်စီးသွားသည်ကို အီရတ်ပြည်သူများ ဝိုင်းဝန်းကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲ မှတ်တမ်းများ

ဖေဖော်ဝါရီ ၁၄ ရက်က အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့်အတွက် ကြေကွဲဝမ်းနည်းနေသူ အီရတ်လူမျိုးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့များက မဆင်မခြင်ပစ်ခတ်ခဲ့၍ အပြစ်မဲ့ အီရတ် အရပ်သူ၊ အရပ်သားများ သေဆုံးရမှု

စဉ်	ရက်စွဲ	နေရာ	သေဆုံးရသူ	ဦးရေ
၁။	၂၀၀၃ခုနှစ် ဧပြီမှ ဒီဇင်ဘာလ	အီရတ် နိုင်ငံ တစ်ဝန်း	ကလေးများအပါအဝင် အရပ်သားများ	၁၁၂
၂။	၃-၁-၂၀၀၄	ဟာဒီသာ	အိမ်တွင်းရှိအီရတ်များ	၄
၃။	၃-၁-၂၀၀၄	ဟန်သည့်	လမ်းဘေး၌ရပ်ကြည့်နေသူ	၁
၄။	၅-၁-၂၀၀၄	ဘာကူဘာ	အီရတ်အမျိုးသား	၂
၅။	၆-၁-၂၀၀၄	ဖော်လူဂျာ	ဇနီးမောင်နှံ	၂
၆။	၂၂-၂-၂၀၀၄	ကယ်ကွတ်	အရပ်သားများ	၁၀
၇။	၃-၃-၂၀၀၄	ကယ်ကွတ်	အရပ်သား	၄
			စုစုပေါင်း	၁၃၅



ဖေဖော်ဝါရီ ၁၈ ရက်က ဟီလာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အရပ်သားနေအိမ် အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၆ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး အာမရီဟာကျေးရွာတွင် အမေရိကန်တို့ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်တစ်အိမ်လုံးကို အီရတ်နိုင်ငံသားများက ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားများကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်



ပုထိုးလုံးတံတား တည်နေရာပြမြေပုံ



မုံရွာ–ယာကြီး–ကလေးဝလမ်းပေါ်မှ ပုထိုးလုံးတံတား

တပ်မတော်က တာဝန်ယူတည်ဆောက်ခဲ့ပြီး (၃–၁–၂၀၀၄)ရက်က ဖွင့်လှစ်ခဲ့သော စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ် မိုင်တိုင်အမှတ်(၅၇)ရှိ ပုထိုးလုံးတံတားကို တွေ့ရစဉ်။

ပုထိုးလုံးတံတား၏ ထူးခြားချက်များ

ပုထိုးလုံးတံတား၏ ထူးခြားချက်များမှာ တပ်မတော်က တစ်နှစ်တာအချိန်တိုကာလအတွင်း နေ့မအား ညမနား ကြိုးစားတည်ဆောက်ခဲ့ခြင်းနှင့် နိုင်ငံခြားဖြစ် သံပေါင်များအစား နိုင်ငံပိုင် ခေတ်မီ သံမဏိစက်ရုံက တီထွင်ထုတ်လုပ်သည့် ပြည်တွင်းဖြစ် အရည်အသွေးမီ သံပေါင်များကို သုံးစွဲထားခြင်းဖြစ်သည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ပုထိုးလုံးတံတားဆိုင်ရာ အချက်အလက်များ

တံတားပေအရှည်	– ၄၅၀ပေ
ယာဉ်သွားလမ်းအကျယ်	– ၂၈ပေ
လူသွားလမ်းအကျယ်	– တစ်ဖက် ၄ပေစီ
တံတားအမျိုးအစား	
အပေါ်ထည်	– သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း
အောက်ထည်	– သံကူကွန်ကရစ်တိုင်
ခွင့်ပြုအလေးချိန်	– တန် ၆၀
စီမံကိန်းစတင်သည့်နေ့	– ၉–၁၂–၂၀၀၂
စီမံကိန်းပြီးစီးသည့်နေ့	– ၈–၁၂–၂၀၀၃

ပုထိုးလုံးတံတား၏ မြင်ကွင်းကျယ်အလှကို တွေ့ရစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ဒုတိယကမ္ဘာစစ်ကြီး၏နောက်ပိုင်း လွတ်လပ်စ တိုင်းပြည်တိုင်းသည် လွတ်လပ်ရေး မွေးကင်းစ သူငယ်နာရောဂါနှင့် ပယောဂတို့ကို ခံရမြဲဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေး သန္ဓေတည်စမှာပင် ရောဂါမျိုးစုံစွဲကပ်လျက်ရှိသည်။ အမိမြန်မာနိုင်ငံနှင့် လွတ်လပ်ရေး သန္ဓေသားပါ မိခင်နှင့်ကလေးရောဂါ ပယောဂမျိုးစုံစွဲကပ်လျက်ရှိသည်။ လွတ်လပ်ရေးနေ့ကို မွေးချိန်မှစ၍ လွတ်လပ်ရေးအသက်မှာ ငွေ့ငွေ့ကလေးဖြစ်နေသည်။ ထိုလွတ်လပ်ရေးအသက်ငွေ့ငွေ့ကို ဆင်းရဲဒုက္ခမျိုးစုံ ရင်စည်း၍ ဓားတောင်များကိုကျော် မီးပင်လယ်ကိုဖြတ်ကျော်၍ တပ်မတော်က ကယ်တင်ခဲ့ရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရသည်ကိုကွန်မြူနစ်ပါတီက စစ်မှန်သော လွတ်လပ်ရေးမဟုတ်ဟု ကြွေးကြော်ခဲ့သည်။ ၁၉၄၈ခုနှစ် မတ်လတွင် မြန်မာပြည်ကွန်မြူနစ် ပါတီ(အလံဖြူ)ကွန်ဖရင့်ကြီးကို ပျဉ်းမနားမြို့၌ ကျင်းပခဲ့ကြသည်။ ထိုကွန်ဖရင့်ကြီးမှ ဆုံးဖြတ်ချက်များက မြန်မာနိုင်ငံ အစိုးရကို စစ်ကြေညာလိုက်သည်။ ၂၈-၃-၁၉၄၈ ရက်နေ့နံနက်ပိုင်းတွင် ဖဆပလအစိုးရက ကွန်မြူနစ်များအား ဖမ်းဆီးရန် အမိန့်ထုတ်၍ ကွန်မြူနစ်ပါတီဌာနချုပ်ကို ဝိုင်းသည်။ ကွန်မြူနစ် ခေါင်းဆောင်များက ကြိုတင် တိမ်းရှောင်သွားသောကြောင့် ဖမ်းဆီးနိုင်ခြင်းမရှိပေ။ ဤသို့ဖြင့် ကွန်မြူနစ်ပါတီ (မြန်မာပြည်)တောခို၍ ပြည်တွင်းဆူပူသောင်းကျန်းမှု စတင်ခဲ့သည်။

တောခိုကွန်မြူနစ်တို့သည် စစ်ကြီးအပြီးက ဝှက်ထားခဲ့သော လက်နက်ပုန်းတို့ကို ဖော်ထုတ်သုံးစွဲလာကြသည်။ နီးရာကျေးရွာများ၊ ရဲကင်းများတို့ကို စီးနင်းတိုက်ခိုက်ခဲ့သည်။ တံတားများကို ဖောက်ခွဲသည်။ မီးရထားလမ်းများကို ဖျက်ဆီးသည်။

ထိုအချိန်တွင် ကွန်မြူနစ်တို့ပေါ် သံယောဇဉ်ငြိတွယ်လျက်ရှိသည့် ပြည်သူ့ရဲဘော်များ မတည်မငြိမ်ဖြစ်လာသည်။ ကေအင်ဒီအိုတို့ကလည်း လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ထိုပြည်တွင်း အပုပ်အညှီနံ့နောက်သို့ ပြည်ပယင်ကောင်များလည်း အုံလာကြသည်။

ထိုအတွင်း၌ ကေအင်ဒီအို လက်နက်ကိုင်အဖွဲ့တို့သည် တစ်နေ့တခြား ပိုမို၍လှုပ်ရှားထကြွလာကြသည်။ ဖြောင့်ကျကျပင်အစိုးရအား ပုန်ကန်ခဲ့သည်။ လက်နက်အတော်အတန်ပြည့်စုံလာသော ကေအင်ဒီအိုတို့သည် ၁၉၄၈ခုနှစ် ဇူလိုင်လတွင် သထုံမြို့၊ စက်တင်ဘာလတွင် မော်လမြိုင်မြို့တို့ကို သိမ်းပိုက်ခဲ့သည်။ ၁၆-၁-၁၉၄၉ရက်နေ့တွင် ကေအင်ဒီအိုနှစ်ထောင်ခန့် ပုသိမ်မြို့ကို ဝိုင်းဝန်းတိုက်ခိုက်သည်။ ၂၇-၁-၁၉၄၉ ရက်နေ့တွင်တောင်ငူမြို့ကိုသိမ်းသည်။ ၄-၂-၁၉၄၉ရက်နေ့တွင် ပြည်မြို့ကိုသိမ်း၍ ရန်ကုန်မြို့သို့ ချီတက်လာသည်။ ရန်ကုန်အနီး အင်းစိန်၊ တွံတေး၊ ထန်းတပင်၊ ထုံးကြီးတို့၌လည်း ကေအင်ဒီအိုများ စုဝေးလျက်ရှိသည်။ ထိုအချိန်တွင် တပ်မတော်သည် ကေအင်ဒီအို စစ်ကြောင်း သုံးကြောင်းကို ရန်ကုန်မှခုခံတွန်းလှန်ရန် ပြင်ဆင်နေရသည်။ တောင်ငူနှင့် ပြည်မှဆင်းလာသော သောင်းကျန်းသူ အင်အားစုများနှင့် အင်းစိန်၊ သမိုင်း၊ကြို့ကုန်းရှိ ကေအင်ဒီအိုတပ်များ တို့ဖြစ်သည်။ ၂၀-၂-၁၉၄၉ ရက်နေ့တွင် မိတ္ထီလာမြို့သူပုန်လက်ထဲ ရောက်ခဲ့သည်။ ၁၁-၃-၁၉၄၉ရက်နေ့တွင်မန္တလေးမြို့ကျသည်။

ထိုစဉ်က တပ်မတော်သည် တစ်နိုင်ငံလုံးကို တိုင်းကြီးနှစ်တိုင်း အဖြစ်သာ ခွဲထားသည်။ မြောက်ပိုင်းတိုင်းနှင့် တောင်ပိုင်းတိုင်းတို့ ဖြစ်သည်။ တိုင်းစစ်ဌာနချုပ်များမှာ ပြင်ဦးလွင်နှင့် မင်္ဂလာဒုံတို့ ဖြစ်ကြသည်။ ထို့ကြောင့် အကြမ်းအားဖြင့် မန္တလေးမှ ညောင်လေးပင်အထိ မီးရထားလမ်း၊ ကားလမ်းတစ်လျှောက်(သာစည်မပါ)ကေအင်ဒီအို၊ မြစ်ဝကျွန်းပေါ်၌ မြို့ကြီးအချို့မှအပ ကေအင်ဒီအိုနှင့် ကွန်မြူနစ်တို့ထိန်းထားသည်။ အင်းစိန်တွင် ကေအင်ဒီအိုများစုစည်း ခြားနားနေသည်။ မော်လမြိုင်၊ သထုံတွင် ကေအင်ဒီအို၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ ပြည် စသည် ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ကေအင်ဒီအို၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်များလက်ထဲရောက်နေသည်။ **တပ်မတော်သည် ကွက်ကြား ဟိုမှာတစ်စု၊ သည်မှာတစ်ဖွဲ့ ရှိနေသော်လည်း မြန်မာနိုင်ငံတော်အလံကို လဲကျမသွားရန် မတ်မတ်ကိုင်ထားနိုင်ကြသည်။ ထိုအချိန်တွင် တပ်မတော်သားအားလုံး၏ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသည့် အရောင်အဆင်းမရှိသည့် ယူနီဖောင်းနှင့် ကိုင်စွဲထားသော လက်နက်တို့သာရှိသည်။ မြန်မာနိုင်ငံအစိုးရကို ရန်ကုန်အစိုးရဟု သရော်လှောင်ပြောင်ခေါ်ဝေါ်နေကြပြီဖြစ်သည်။ တပ်မတော်သည် မြန်မာတစ်နိုင်ငံလုံးရှိ စစ်မျက်နှာများကို ရှိသည့်အင်အားဖြင့် တိုက်ခိုက်ခဲ့ရသည်။ နည်းနည်းနှင့်ကျဲကျဲဝိုင်းခဲ့ရသည်။**

အင်းစိန်တိုက်ပွဲကို ၁၉၄၉ခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စု စစ်ရဲတပ်ရင်းသည် သမိုင်းရှိ ခဝဲခြံကို ဝိုင်းထားပြီး လက်နက်ချခိုင်းသည်။ ကျိုက္ကလားနှင့် အင်းစိန်လမ်းထောင့် ရထားတွဲပျက်များရှိသည့် နေရာတို့တွင် တိုက်ပွဲများဖြစ်ပွားသည်။ စစ်ရဲတပ်မှ နဂါးသူရိယ၊ ရွှေပြည်အေးစသည် သံချပ်ကာကားရှစ်စီးဖြင့် တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်၅နာရီတွင် ကေအင်ဒီအိုများနှင့် အစိုးရအရန်တပ်ဖွဲ့များ အပြင်းအထန် တိုက်ခိုက်ကြသည်။ ၂ ရက်နေ့ နံနက် ၇ နာရီ၌ ကြို့ကုန်းတွင် တိုက်ပွဲဖြစ်ပွားပြီး အင်းစိန်ရှိ သောင်းကျန်းသူများကို တက္ကသိုလ်ဘွဲ့နှင်းသဘင်အနီး အင်းလျားကန်စောင်းမှ ၂၅ပေါင်ဒါအမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၆ရက်နေ့တွင် တပ်ရင်း(၅)သည် စော်ဘွားကြီးကုန်းနှင့် ပြည်လမ်းဆုံရှိ တောင်ကုန်းကို ရယူတိုက်ခိုက်အောင်မြင်ခဲ့သည်။ ၁၁ရက်နေ့တွင်မူ ခဝဲခြံကို သိမ်းယူ ရရှိသည်။ ၁၃ရက်နေ့နံနက် ၅နာရီခွဲတွင် အစိုးရတပ်များသည် သမိုင်းတစ်ဝိုက် ထိုးစစ်ဆင်ရာ ရန်ကုန်ပြည်ထောင်စု အရန်တပ်ရင်းက ဦးသော်ပန်းကန်စက်ကို သိမ်းပိုက်သည်။ ချင်းတပ်ရင်း(၁)က ပြည်ထောင်စုအရန်တပ်ရင်း၏ ညာတောင်ပံဖြစ်သောနေရာကို သိမ်းယူ ၍ ချင်းတပ်ရင်း(၁)၏ ညာတောင်ပံရှိ အိမ်ဝါကြီးကို ကချင်တပ်ရင်း(၂) က သိမ်းပိုက်သည်။ ခြေလျင်တပ်ရင်း(၄)က ကချင်တပ်ရင်း(၂)၏ အရှေ့ဘက်မျက်နှာစာဒေသကို သိမ်းယူသည်။ ကြို့ကုန်းစစ်မျက်နှာတွင်လည်း တပ်ရင်း(၅)နှင့် ကေအင်ဒီအိုများပစ်ခတ် တိုက်ခိုက်ကြပြီး ကေအင်ဒီအို ၃၀ခန့်သည် ဝါးကင်းကုန်းသို့ ဆုတ်ခွာသွားသည်။ အင်းစိန်တိုက်ပွဲတွင် အစပိုင်း၌ အရန်တပ်ရင်း၊ စစ်ရဲစသည်တို့ဖြင့် တိုက်ခိုက်နေရာမှ တပ်မတော်တပ်ရင်းများ ပါဝင်လာခဲ့သည်။

ဖေဖော်ဝါရီ ၁၄ရက်နေ့တွင် ရော်ဘာခြံတိုက်ပွဲ၊ ၁၅ရက်နေ့တွင် စောဘင်ဆင်ခြံ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ကေအင်ဒီအိုများသည် ဦးစက္ကိန်ဘုန်းကြီးကျောင်းကို ပင်မအခြေခံပြု၍ အလုံးအရင်းနှင့် ခံနေသည်။ ဦးစက္ကိန်ကျောင်းတည်နေပုံမှာ စနစ်တကျ ဆောက်လုပ်ထားသော ခံတပ်နှင့်တူသည်။ ကျောင်းသည် တောင်ကုန်းအမြင့်ပေါ်တွင် တည်ရှိ၍ ပတ်ပတ်လည်တွင် တိုက်ကျောင်းများရှိပြီး ယင်းကျောင်းတိုက်များကိုလည်း သစ်ပင်များက အုပ်မိုးထားသည်။ ချဉ်းကပ်လာသမျှ

တပ်မတော်(ရေ)မှ ဘော်ဖာ

မုန်တိုင်း[

အင်းစိန်တိုက်ပွဲတွင် အရေးပါသည့် ဦးစက္ကိန်ကျောင်း တိုက်ပွဲ၌ တိုက်ပွဲဝင်နေသည့် တပ်မတော်သားများ။

အင်းစိန်တိုက်ပွဲအတွင်းမှ တပ်
တွေ့ရစဉ်။

ရန်သူကို ကုန်းမြင့်ပေါ်မှ အပေါ်စီးပစ်
အင်အား ၁၀၀ကျော်ရှိ တပ်ရင်း(၅)တ
နေသည်။ ဤတွင် ချင်းတပ်ရင်းမှ ဗို
တို့သည် ယခုနည်းပညာတက္ကသိုလ် (
ဝါးတောမှချဉ်းကပ်၍ ကျောင်းတွင်း
များနှင့် လျှပ်တစ်ပြက် တိုက်ခိုက်သိမ်း
ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့
မြေကတုတ်ကျင်းများ၊ သစ်ပင်အ
အခိုင်အမာရှိနေသော ပြည်သူ့လုပ်ငန်း
သို့ဖြစ်၍ ဝင်ရောက်တိုက်ခိုက်သော
များပြားနေသည်။ ဤတွင် ဗိုလ်
ညတစ်နာရီတွင် သံဆူးကြိုးကို တိ
တိုက်ခိုက်သည်။ ပစ်ခတ်သံများကြား
ဝင်ရောက်လိုက်ပါ တိုက်ခိုက်စဉ် ရန်
ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဗိုလ်တိုက်ချွန်း၏ ထူးချွန်ပြော
စွန့်စွန့်စားစားဆောင်ရွက်မှုတို့ကြော
အား အောင်ဆန်းသူရိယဘွဲ့ တံဆိပ်

ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင်
အကျအဆုံးများစွာဖြင့် မင်းခမ္မကုန်းကို
သာယာဝတီ ဝက်ကော်တိုက်ပွဲတွင်

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

မုန်တိုင်းကြားမှ မြန်မာ့လွတ်လပ်ရေး

ကြို့ပင်ကောက်တင်မောင်ဦး



တပ်မတော်(ရေ)မှ ဘော်ဖာအမြောက်ကို ကုန်းပေါ်သို့တင်၍ အင်းစိန်တိုက်ပွဲတွင် ဤသို့ တိုက်ပွဲဝင်ခဲ့ရသည်။

အောင်မြင်စွာရိုက်ချိုးခဲ့သော အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်းသည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် အင်းစိန်စစ်မျက်နှာ၌ပါဝင်၍ ၁၉ရက်နေ့ တစ်နာရီတွင် အငိုက်ဖမ်းပြီး ကြို့ကုန်းတိုက်ပွဲဆင်နွှဲသည်။ ထိုစဉ်က အင်းစိန်စစ်မျက်နှာတွင်

အင်းစိန်တိုက်ပွဲအတွင်းမှ တပ်မတော်ကင်းထောက်အဖွဲ့ကို တွေ့ရစဉ်။

ရန်သူကို ကုန်းမြင့်ပေါ်မှ အပေါ်စီးပစ်ခတ်တိုက်ခိုက်နိုင်သည်။ သို့ဖြစ်၍ အင်အား ၁၀၀ကျော်ရှိ တပ်ရင်း(၅)တပ်ဖွဲ့သည် အကျပ်အတည်းတွေ့နေသည်။ ဤတွင် ချင်းတပ်ရင်းမှ ဗိုလ်တိုက်ချွန်းနှင့်ရဲဘော်လေးဦးတို့သည် ယခုနည်းပညာတက္ကသိုလ် (စက်မှုတက္ကသိုလ်) ဝင်းတည်ရာ ဝါးတောမှချဉ်းကပ်၍ ကျောင်းတွင်းသို့ဝင်ရောက်၍ စတင်း၊ ဘရင်းများနှင့် လျှပ်တစ်ပြက် တိုက်ခိုက်သိမ်းပိုက်ရသည်။ ဦးစက္ကိန်ကျောင်းမှ ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့သည် သံဆူးကြိုးဝင်းခတ်ထား၍ မြေကတုတ်ကျင်းများ၊ သစ်ပင်အုပ်များရှိသော လင့်စင်များနှင့် အခိုင်အမာရှိနေသော ပြည်သူ့လုပ်ငန်းဘန်ဂလိုတွင် တပ်စခန်းချသည်။ သို့ဖြစ်၍ ဝင်ရောက်တိုက်ခိုက်သော တပ်မတော်ဘက်မှ အထိအခိုက်များပြားနေသည်။ ဤတွင် ဗိုလ်တိုက်ချွန်းနှင့် ရဲဘော်ငါးဦးက ညတစ်နာရီတွင် သံဆူးကြိုးကို တိတ်တဆိတ်ဖြတ်၍ ဝင်ရောက်တိုက်ခိုက်သည်။ ပစ်ခတ်သံများကြားရချိန်တွင် နောက်မှတပ်ဖွဲ့များက ဝင်ရောက်လိုက်ပါ တိုက်ခိုက်စဉ် ရန်သူများ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဗိုလ်တိုက်ချွန်း၏ ထူးချွန်ပြောင်မြောက် စံထားလောက်သော စွန့်စွန့်စားစားဆောင်ရွက်မှုတို့ကြောင့် နိုင်ငံတော်က ဗိုလ်တိုက်ချွန်းအား အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် တပ်ရင်း(၅)သည် အထိအခိုက် အကျအဆုံးများစွာဖြင့် မင်းဓမ္မကုန်းကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ သာယာဝတီ ဝက်ကော်တိုက်ပွဲတွင် သောင်းကျန်းသူတို့၏ ထိုးစစ်ကို

အင်းစိန်တိုက်ပွဲတွင် တိုက်ပွဲဝင်ခဲ့သည့် ရှားမင်းတင့်ကား။

အရက်ဦး တိုက်ပွဲများသာ ဆင်နွှဲလေ့ရှိကြပြီး နေ့လယ်နေ့ခင်းတွင် နားနေလျက် လက်ဖြောင့်တပ်သားများ၏ပစ်ခတ်မှုများသာရှိတတ်သည်။ ဤသို့သော အခြေအနေကိုသုံးသပ်၍ တိုက်ခိုက်ခြင်းဖြစ်သည်။ ရန်သူတို့ မမျှော်လင့်သော အချိန်ဖြစ်၍ တစ်နာရီအတွင်း ရည်မှန်းချက်များကို သိမ်းပိုက်နိုင်ခဲ့သည်။ ဖေဖော်ဝါရီ ၂၈ရက်နေ့တွင် တပ်ရင်း(၅)သည် ပွိုင့်ဝမ်းဝမ်းတူးတောင်ကုန်းရှေ့ရှိ တောင်ကုန်းငယ်ကို တိုက်ခိုက်သိမ်းပိုက် ရာ ဗိုလ်မှူးလှသောင်းအပါအဝင် အရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၈၀ခန့်ကျဆုံး၍ ၁၂၀ မျှဒဏ်ရာရခဲ့သည်။ ထို့ကြောင့် တပ်ခွဲနှစ်ခွဲစာ အင်အားလျော့နည်းသွားခဲ့သည်။ သို့ဖြစ်၍ ပွိုင့်ဝမ်းဝမ်းတူး ရန်သူ့စခန်းကို သိမ်းပိုက်ရန်တာဝန်ကိုတပ်ရင်း(၃)က လွှဲပြောင်းယူခဲ့ရသည်။

(၂)အား တိုက်ခိုက်သိမ်းပိုက်သည်။ ထို့နောက် စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက်(၃) နေရာသို့ ပစ်ခတ်ပြီး တက်ရောက်သိမ်းပိုက်သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ စတီးဝပ်တင့်ကားတစ်စီးပါဝင်ခဲ့သည်။

သို့ဖြင့် မတ်လတစ်လလုံးတွင် တိုက်ပွဲများဖြစ်ပွားပြီး ဧပြီလ ၂၉ရက်နေ့တွင် တပ်မတော် (လေ)က အင်းစိန် အစိုးရအထက်တန်းကျောင်းနယ်မြေ၊ အင်းစိန်ထောင်၏ တောင်ဘက်နယ်မြေများကို ဗုံးကြဲတိုက်ခိုက်ပြီး တပ်မတော်(ရေ)မှ မေယု စစ်သင်္ဘောကလည်း စက်မှုကျောင်းနယ်မြေ၊ ကမ်းနားဆန်စက်များ၏ နယ်မြေတို့ကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ၁၄ရက်မှ ၁၆ရက်နေ့အတွင်း တပ်မတော်က တိရစ္ဆာန်ဆေးကုသရေးသိပ္ပံကျောင်းကို တိုက်ခိုက်သိမ်းပိုက်ရရှိသည်။ မေလတွင် ချင်းတပ်ရင်း(၁)နှင့် (၂)တို့သည်

ထိုအချိန်က ဦးစက္ကိန်ကျောင်းတွင် တပ်မတော် ချင်းတပ်ရင်း(၁)နှင့် နထိုးကုန်းနှင့် မင်းဓမ္မတောင်ကုန်းတို့တွင် တပ်ရင်း(၅)တို့က တပ်စွဲထားပြီးဖြစ်သည်။ တပ်ရင်း(၅)တွင် အမှတ်(၁၆) ပြည်ထောင်စုစစ်ရဲတပ်မှ တပ်ဖွဲ့အချို့လည်းပါရှိသည်။ မင်းဓမ္မကုန်းမှ မြေပြင်သည် မတ်စောက်ဆင်းသွားပြီး လျှိုတစ်ခုဖြစ်ပေါ်ပြီး ထိုမှတစ်ဖန် ဝမ်းဝမ်းတူးတောင်ပေါ်သို့ မတ်စောက်စွာ တက်သွားပြန်သည်။ ထို့ကြောင့် ပွိုင့်ဝမ်းဝမ်းတူး ရန်သူ့စခန်းကို တိုက်ခိုက်ရန်မှာ အမြင့်ရှိရန်သူကို အောက်မှဆန်၍ တိုက်ရမည်ဖြစ်သည်။ ၁၉၄၉ခုနှစ်မတ်လ၉ရက်နေ့ နံနက်၂နာရီခွဲတွင် ရည်မှန်းချက်(၁)အဖြစ် သတ်မှတ်ထားသော ပွိုင့်ဝမ်းဝမ်းတူး ဘယ်တောင်ပံကို ကွန်မန်ဒိုတပ်စုက ဝင်ရောက်တိုက်ခိုက်ရာ မိနစ်ပိုင်းအတွင်းမှာပင် သိမ်းပိုက်ရမိသည်။ ရည်မှန်းချက်(၁)ကို သိမ်းပိုက်ပြီးချိန်တွင် စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက်(၂)အဖြစ် သတ်မှတ်ထားရာသို့ မော်တာ၁ဝလက်ဖြင့် ဆက်တိုက်ပစ်ခတ်သည်။ သိမ်းပိုက်ပြီးဖြစ်သော ရည်မှန်းချက်(၁)နှင့် ရည်မှန်းချက်(၂)တို့မှာ ကိုက်၅၀ခန့်ကွာဝေး၍ တပ်မတော်တွင်လည်း အထိအခိုက်ရှိခဲ့သည်။ မော်တာအပစ်ရပ်လျှင် ကွန်မန်ဒိုတပ်ခွဲမှ တပ်စုတစ်စုက ရည်မှန်းချက်

မင်္ဂလာဒုံဘက်မှ စဉ့်ကူ၊ ဖော့ကန်၊ အောင်ဆန်းတို့ကို သိမ်းပိုက်လာခဲ့ရာ မေလ ၂၁ရက်နေ့တွင် အောင်ဆန်းမြို့အလွန် စွပ်ကျယ်စက်ရှိ ကေအင်ဒီအိုများကို တိုက်ခိုက်၍ စွပ်ကျယ်စက်ကိုရရှိသည်။ သို့ဖြင့် ၁၉၄၉ခုနှစ် မေလ ၂၂ရက်နေ့တွင် အင်းစိန်မြို့ကို တပ်မတော်က အပြီးအပိုင် သိမ်းပိုက်နိုင်ခဲ့သည်။ဤသည်မှာ တပ်မတော်၏ အောင်ပွဲဖြစ်သည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် တပ်မတော်၏ ကြည်း၊ ရေ၊ လေ အင်အားစုများက အမိနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် မားမား

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် တပ်မတော်၏ ကြည်း၊ ရေ၊ လေ အင်အားစုများက အမိနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အတွက် မားမားမတ်မတ်ရပ်တည်၍ လွတ်လပ်ရေး အသက်ငွေ့ငွေ့ကို ပြုစုကာကွယ်ပြီး နိုင်ငံတော်မပြိုကွဲအောင် ထိန်းသိမ်းနိုင်ခဲ့သည်။

၁၉၄၈ခုနှစ် အရေးအခင်းများ ပေါ်ပေါက်ခဲ့စဉ်က ပါတီစုံအစိုးရနှင့် ပါလီမန်လွှတ်တော်တို့သည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်းမရှိခဲ့ပေ။ ထို့ကြောင့် ပြည်တွင်းစစ်အဆင့်အထိ ပေါက်ကွဲ ခဲ့ရခြင်းဖြစ်သည်။ တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍ နိုင်ငံကို ချောက်ကမ်းပါးထဲကျလုဆဲဆဲ အခြေအနေမှ ဆွဲတင် ကယ်ထုတ်နိုင်ခဲ့သည်။

မတ်မတ် ရပ်တည်၍ လွတ်လပ်ရေး အသက်ငွေ့ငွေ့ကို ပြုစုကာကွယ်ပြီး နိုင်ငံတော် မပြိုကွဲအောင် ထိန်းသိမ်းနိုင်ခဲ့သည်။

၁၉၄၈ ခုနှစ် အရေးအခင်းများ ပေါ်ပေါက်ခဲ့စဉ်က ပါတီစုံအစိုးရနှင့် ပါလီမန်လွှတ်တော်တို့သည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ပေ။ ထို့ကြောင့် ပြည်တွင်းစစ်အဆင့်အထိပေါက်ကွဲခဲ့ရခြင်းဖြစ်သည်။ တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင် ရပ်တည်၍ နိုင်ငံကို ချောက်ကမ်းပါးထဲ ကျလုဆဲဆဲ အခြေအနေမှ ဆွဲတင် ကယ်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထိပါးလာတိုင်း ပထမဦးဆုံးသော ကျည်ဆန်များသည် တပ်မတော်အား ချိန်ရွယ်၍ ပစ်ကြသည်။ ထို့ကြောင့် အန္တရာယ်ကို ဦးဆုံး ပြေးတွေ့ရသူများမှာ တပ်မတော်သားများပင်ဖြစ်သည်။ ပထမဦးဆုံး သွေးမြေကျရသူ၊ အသက်ပေးရသူတို့သည် တပ်မတော်သားများပင်ဖြစ်သည်။ သို့သော် တပ်မတော်သားများကလည်း “ငါ၏နိုင်ငံတော်နှင့်ငါ့တပ်မတော်အတွက်” ဟူသည့် ခံယူချက်ဖြင့် အသက် သွေးချွေးတို့ဖြင့် ပေးဆပ်ကာ နိုင်ငံတော်ကို အန္တရာယ် အသွယ်သွယ်မှ ကာကွယ်စောင့်ရှောက်ခဲ့သည်သာဖြစ်သည်။ ။

သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် (၂၅)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှု

ရန်ကုန် မတ် ၁၃

သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် (၂၅)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် (၂၅)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေး လုပ်ငန်းကော်မတီ များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

စေတီတော်ပိုင်း

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဗ္ဗညု ပုထိုးတော်ကြီး၌ အလောင်းစည်သူ မင်းကြီး၏ ကောင်းမှုတော် စည်သူပန် ယွန်းဗုဒ္ဓရုပ်ပွားတော်အား ပူဇော် ကြည်ညိုပြီး သဗ္ဗညုပုထိုးတော်ကြီး တတိယပိုင်းဖြစ်သည့် စေတီတော်ပိုင်း တည်ဆောက်မှုလုပ်ငန်း တိုးတက်မှုကို ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က သဗ္ဗညု ပုထိုးတော်ကြီး တည်ဆောက်ခြင်း လုပ်ငန်းတိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဓမ္မေသက သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ကြီး အဘွားလေး ဒေါ်ဓမ္မေသီက ဦးဆောင်ဦးရွက်ပြုပြီး သဗ္ဗညုပုထိုးတော်ကြီးကို ဤနေရာ ဤဌာနတွင် တည်ဆောက်လျက်ရှိရာ အလောင်းစည်သူမင်းတရားကြီး တည် ထားခဲ့သော ပုဂံ သဗ္ဗညုပုထိုးတော် ကြီး၏ ပုံတူ သဗ္ဗညုပုထိုးတော်ကြီး တစ်ဆူသည် ရွှေတောင်ကြီးအလား မကြာမီ ပေါ်ထွန်းလာတော့မှာဖြစ် ကြောင်း။

စေတီတော်ကြီးတွင် အဓိကအပိုင်း သုံးပိုင်း ပါဝင်ရာ အောက်ခြေ ပုထိုး တော်ကြီးအပိုင်းနှင့် အလယ် ဂန္ဓကုဋိ တိုက်တို့သည် အဖြူထည်များ ပြီးစီးပြီ ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် တတိယပိုင်းဖြစ်သည့် စေတီတော်ပိုင်းကို တည်ထားလျက် ရှိရာ စေတီတော်၏ ပစ္စယာသုံးဆင့် ဖရုံလုံး၊ ကွမ်းထောင်နှင့် အထွတ်စေတီ တို့ကို အဖြူထည် ကွန်ကရစ်လုပ်ငန်း များ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း။

ဂန္ဓကုဋိတိုက် အတွင်းရှိ နံရံ လေးဖက် လေးတန်တွင်လည်း ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များသည် ကိန်းဝပ် စံပယ်လျက်ရှိရာ နံရံများနှင့် တိုင်လုံး များတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကိန်းဝပ်နေသကဲ့သို့ ရွှေဆိုင်းများ ကပ်လှူသွားနိုင်ရန်အတွက် သစ်စေး သရိုး အချောထည်များ ဆောင်ရွက် လျက်ရှိကြောင်း။

ဂန္ဓကုဋိတိုက်တွင် ရာဇမဟာမုနိ စည်သူပန် ရုပ်ပွားတော်ကြီး စံပယ်တော် မူရာ အပရာဇိတ ပလ္လင်တော်ကြီးကို လည်း ထူးခြား ကြည်ညိုဖွယ်ရာ မြင့်မြတ်သော ပလ္လင်တော် အဖြစ် ရွှေစတီးပြားများဖြင့် ကပ်လှူပုံဖော် ပြီးစီးနေပြီဖြစ်ကြောင်း။

ဂန္ဓကုဋိတိုက်အထက် မျက်နှာကြက် တော်များကိုလည်း ရွှေစတီးပြားများ ကပ်လှူနိုင်ပြီဖြစ်ကြောင်း၊ ရာဇမဟာမုနိ စည်သူပန် ဘုရားကိုယ်တော်မြတ်ကြီး အား ရွှေဘုံအလယ်မှာ တင့်တယ်စွာ စံပယ်နေသည်ကို မကြာမီ ဖူးမြင်ရ တော့မှာဖြစ်ကြောင်း။

ငှက်ပျောဖူးပုံတော်

အထွတ်စေတီ၏ ထိပ်ဆုံးပိုင်းတွင် ငှက်ပျောဖူးကို ဆက်လက်တည်ထား ရန်အတွက် ပိန္နဲတိုင် စိုက်ထူခြင်း၊ သံချည်သံကွေးများ ဆောင်ရွက်မှုတို့ မှာလည်း ပြီးစီးနေပြီ ဖြစ်ကြောင်း၊ မကြာမီ ကွန်ကရစ် လောင်းပြီး ငှက်ပျောဖူးပုံတော် ပေါ်လာတော့မှာ ဖြစ်ကြောင်း။

အောက်ခြေ မြေညီထပ်တွင်လည်း ခြူးကနုတ် မြန်မာမှုဗိသုကာဝင်လက်ရာ များ၊ ပန်းယွန်း၊ ပန်းပုလက်ရာများကို ဆောင်ရွက်နေကြောင်း၊ ခေတ်မီ ဓာတ်လှေကား သုံးစင်းကိုလည်း တပ်ဆင်ထားပြီးဖြစ်၍ ဂန္ဓကုဋိတိုက် သို့ အလွယ်တကူ တက်ရောက်ဖူးမြော် ကန်တော့နိုင်ကြပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် က အလှူငွေရရှိမှုနှင့် သဗ္ဗညုပုထိုးတော် ကြီး တည်ဆောက်ရေး လုပ်ငန်း၌ သုံးစွဲမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးအတွက် တပ်မတော် ထောက်လှမ်းရေး မိသားစုများက ငွေကျပ်သိန်း ၅၀၊ ပို့ဆောင်ရေးဝန်ကြီး ဌာနက ငွေကျပ် ငါးသိန်း၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ က ငွေကျပ် ငါးသိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ငွေကျပ် နှစ်သိန်း၊ ဦးမြိုင်ဟင်-ဒေါ်နန်းဟူး မိသားစုက ငွေကျပ် ၂၇ သိန်း၊ မောင်ဝိတ် ကုမ္ပဏီမိသားစုက ငွေကျပ် ၁၅ သိန်း၊ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၁၅ သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ငါးသိန်း၊ Asia World Co., Ltd က ငွေကျပ် ၁၀၀၀၀၀၀၊ ဟုန်ပန်းဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင့် ဆန်း-ဒေါက်တာဌေးဌေးမြိုင် [စက်မှု စီးပွားထူးချွန်(ပ)ဆင့်]က ငွေကျပ် ၁၀၀၀၀၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးမြဟန်- ဒေါ်ခင်စပယ်ကြည် မိသားစု (Fortune International)က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာ့သင်္ဘောကျင်း လုပ်ငန်းက ငွေကျပ် ၃၀၀၀၀၀၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၀၊ Yangon Airway က ငွေကျပ် ၃၀၀၀၀၀၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ငွေကျပ် ၃၀၀၀၀၀၊ ဝန်ကြီးချုပ်ရုံး မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ မြန်မာ့လေကြောင်း က ငွေကျပ် ၃၀၀၀၀၀၊ Air Mandalay က ငွေကျပ် ၃၀၀၀၀၀၊ MAI (အပြည်ပြည်ဆိုင်ရာ မြန်မာလေ ကြောင်း)က ငွေကျပ် ၃၀၀၀၀၀၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်က ငွေကျပ် ၃၀၀၀၀၀၊ ရေကြောင်းပညာသိပ္ပံက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ငွေကျပ် ၃၀၀၀၀၀၊ ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ငွေကျပ် ၃၀၀၀၀၀၊ ဦးမောင် မောင်လေး- ဒေါ်ဥမ္မာခင် မိသားစုက ငွေကျပ် ၆၀၀၀၀၀၊ ဦးဖုန်းမြင့်လူ (CTI ကုမ္ပဏီမိသားစု)က ငွေကျပ် ၃၀၀၀၀၀၊ ဦးကျော်မြင့်ဦး မိသားစု (OSCAR NALSON) ကုမ္ပဏီက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ကြံလုပ်ငန်း က ငွေကျပ် ၁၀၀၀၀၀၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း က ငွေကျပ် ၁၀၀၀၀၀၊ ဦးကြည်အေး- ဒေါ်စောမေအေး မိသားစု (ပြည် မြန်မာ ဆောက်လုပ်ရေး)က ငွေကျပ် ၅၀၀၀၀၀၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန် - ဒေါ်ခိုင်ခိုင်မြင့်တို့ က ငွေကျပ် ၅၀၀၀၀၀၊ ဦးငြိမ်း- ဒေါ်အုန်းကြင် (OK ဆန်ရောင်းဝယ် ရေး)က ငွေကျပ် ၂၇၀၀၀၀၊ ဒေါ်စန်းစန်း မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးကျော် မြင့် (စစ်တက္ကသိုလ်) ဒေါ်စန်းစန်းမြင့် သားကြီး ဒုတိယဗိုလ်မှူးကြီးအောင်ဌေး၊ ဒေါ်ခင်သန္တာ သားသမီးတစ်စုက ငွေကျပ် ၃၀၃၀၀၀၊ ဦးတင်မောင် (Key Stone Co., Ltd)က ငွေကျပ် ၃၀၀၀၀၀၊ ဦးအောင်မြတ် (Mother Trading Co)က ငွေကျပ် ၂၀၀၀၀၀၊ မြန်မာမိုးခိုင် ကုမ္ပဏီက ငွေကျပ်



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၃၀၀၀၀၀၊ ဦးလှကြီး (အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး)က ငွေကျပ် ၂၀၀၀၀၀၊ ဦးကျော်စွာမိုး (သယ်ယူ ပို့ဆောင်ရေး)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမင်းဒင် သီရိသုဓမ္မသိင်္ဂီ ဒေါ်ဝင်းဝင်း အေး(ခ) မကြီးက ငွေကျပ် ၁၀၀၀၀၀၊ ဦးကိုသူရှိန် (J,K Ltd)၊ ဒေါ်ဆွေဆွေ ဟန် (မြန်မာစာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)၊ သမီး ဆုပြည့်သူရှိန်၊ သားဟိန်းသန့်သူရှိန်က ငွေကျပ်၃၀၀၀၀ အပါအဝင် ငွေကျပ် ၂၆၅၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန် တို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သဗ္ဗညုပုထိုး တော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်မင်္ဂလာရိပ်သာ သင်္ကြန်အထူးတရားစခန်း

ရန်ကုန် မတ် ၁၃

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သန္တာလမ်း အောင်မင်္ဂလာ ဓမ္မရိပ်သာကျောင်းတွင် သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ပဓာနနာယက ဘဒ္ဒန္တဥတ္တမ၊ ကမ္မဋ္ဌာနာစရိယ သာသနာပြုဓမ္မကထိက ဆရာတော် အရှင်သူမြတ်ကိုယ်တိုင် ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး အလုပ်ပေးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ၁ရက် ညနေ ၄ နာရီအရောက် တရားစခန်းသို့ လာရောက်ကြပါရန်နှင့် ဖုန်း-၆၉၀၄၄၅သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် စိတ္တာနုပဿနာ သတိပဋ္ဌာန်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Double entry and booking (စီးပွားရေး၊ စီးပွားစီမံ)
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာရုံး မယ့်ရွှေနဖူးစာ" (အပိုင်း-၁၄)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၀)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေး နိုင်ငံတော်အစိုးရက အလေးအနက်ထားစီမံပေးလျက်ရှိ

အားကစားသမားများ ကြံ့ခိုင်သန်စွမ်းရေးသာမက စိတ်ဓာတ်ရေးရာတိုးတက်ရေးပါ ဦးတည်ဆောင်ရွက်နေ

ဘောလုံးအားကစားမောင်မယ်များက အားကစားစိတ်ဓာတ်တက်ကြွစွာဖြင့် အားစိုက်ခွန်စိုက် ကြိုးစားလေ့ကျင့်

ရန်ကုန် မတ် ၁၃

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အားကစားဝန်ကြီးဌာန အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်း၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂ရက်က သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းသို့ရောက်ရှိစဉ် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေး၊ ဘောလုံးအသင်း ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ တောင့်တင်းခိုင်မာရေးလမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ ရန်ကုန်တိုင်းအတွင်း၌ ဘောလုံးကွင်းသစ်များ တည်ဆောက်ခြင်းနှင့် အဆင့်မြင့် ပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ငန်းများ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများ ကျင်းပမည့်အခြေအနေနှင့် မြန်မာဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ပြည်တွင်းဘောလုံးအားကစားပြိုင်ပွဲများ ကျင်းပယှဉ်ပြိုင်နေမှု၊ လက်ရွေးစင် အားကစားသမားများရွေးချယ်မှု၊ ပဏာမလက်ရွေးစင် အားကစားသမားများအား ကျွေးမွေးမှုအစီအစဉ်နှင့် အာဟာရတွက်ချက်မှု၊ အားကစားသမား အိပ်ဆောင်များ ပြင်ဆင်မွမ်းမံမှု၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာဘောလုံးအားကစားဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အလေးအနက်ထားစီမံနေ

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ခေတ်မီစနစ်ကျနသည့် ဘောလုံးကွင်းများ ထူထောင်ပေးမှုများ အပါအဝင် ဘောလုံးအားကစားကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအမံများကို နိုင်ငံတော်အစိုးရက အလေးအနက်ထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့ဘောလုံး အားကစားသမားများ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းရေးအတွက်သာမက စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားရေးအတွက်ပါ ဦးတည်ပြီး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းရှိ အားကစားသမားများ အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ဘောလုံးအားကစားလက်ရွေးစင်များ ရွေးချယ်မှု စနစ်ကျနမှန်ကန်ရေး၊ လေ့ကျင့်ပျိုးထောင်ပေးမှု၊ ခေတ်မီနည်းစနစ် ကျရေးတို့အတွက် လိုအပ်သည့်ဖွဲ့စည်းမှုများ၊ အခြေခံအဆောက်အအုံများ ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

နေထိုင်စားသောက်မှု

ဘောလုံးအားကစားသမားများ၏ နေထိုင်စားသောက်မှုကအစ အဆင့်အတန်း မြင့်မြင့်မားမား နေထိုင်နိုင်အောင် နေ့စဉ်စားသုံးမှု၌ လိုအပ်သည့် ကယ်လိုရီပြည့်ဝစွာ စားသုံးနိုင်ရေး၊ လိုအပ်သည့် ပရိုတင်းဓာတ်၊ အဆီဓာတ်၊ ကာဗွန်ဟိုက်ဒရိတ်ဓာတ်များ အချိုးအစား ညီညွတ်မှန်ကန်ရေး၊ အင်အားပြည့် အစားအစာများ ဖြစ်စေရေးတို့အတွက် ဆရာဝန်များ၊ ဆေးပညာရှင်များနှင့် အနီးကပ် အကြံပြုကြီးကြပ်ဆောင်ရွက် ပေးစေလျက်ရှိကြောင်း။

ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ ရောဂါဘယ ကင်းစင်ရေးတို့အတွက် အားကစားသမားတစ်ဦးချင်း၏ ကျန်းမာရေးမှတ်တမ်းများ ထားရှိစေပြီး ဘောလုံးတစ်သင်းချင်းအတွက် သီးခြားဆရာဝန်များ တာဝန်ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း။

ထို့အပြင် အားကစားသမားများ၏ စိတ်ဓာတ်ရေးရာ ခိုင်ကျည်မြင့်မားမှု ဖြစ်ထွန်းလာအောင် တစ်ဦးချင်းကို အာရုံစူးစိုက်ဂရုပြု ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ စိတ်ဓာတ်ရေးရာ အင်အား ခိုင်မာတောင့်တင်းမှုသာ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်မှုနှင့် ပေါင်းစပ်ပြီး အားကစားသမားကောင်း တစ်ဦးဖြစ်လာမည်ဆိုသည့် ခံယူချက်ဖြင့် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ ဘောလုံးအားကစားအဖွဲ့ချုပ်ကို အားသစ်လောင်း ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဘောလုံးအားကစားဆိုင်ရာ ဌာနတာဝန်ခံများ ခန့်အပ်တာဝန်ပေးအပ်မှုများကိုလည်း ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

သို့ဖြစ်၍ မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် နိုင်ငံတော်အပိုင်းက ဘက်စုံကဏ္ဍစုံတွင် ပြန်လည်ထူထောင်ပေးနေသည်မှာ ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါ၌ နိုင်ငံတကာတွင် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် ဘောလုံးအားကစားကို အမျိုးသားအားကစားအဖြစ် ခံယူလျက် ဘောလုံးအားကစား တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့နိုင်ကြောင်း။

ထို့ကြောင့် အားကစားဖြင့် နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တင်နိုင်ရေးတို့တွင် ဘောလုံးအားကစားနည်းသည် အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် “မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်”ဆိုသည့် မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်ဖြင့် အမျိုးသား အားကစားကဏ္ဍ မြင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းရည်မှန်းချက်ကို မမေ့မပျောက်စေဘဲ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရည်မှန်းထားချက်အတိုင်း အောင်မြင်ပြည့်မြောက်စေရမည်ဆိုသည့် ဇွဲ၊ လုံ့လ၊ ဝီရိယ သန္နိဋ္ဌာန်စိတ်ဓာတ်တို့ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အားသွန်ခွန်စိုက်

မိမိတို့ အားထုတ်ကြိုးစားနေသကဲ့သို့ အခြားသောနိုင်ငံများလည်း အားထုတ်ကြိုးစားနေသည်။ အလားတူပင် မိမိတို့၏ အားကစားစွမ်းဆောင်ရည် တိုးတက်မြင့်မားလာသကဲ့သို့ အခြားသောနိုင်ငံများလည်း စွမ်းဆောင်ရည် တိုးတက်လာနေမည်ဖြစ်သည်ကို သိမြင်နားလည်သဘောပေါက်ပြီး ခုန်ပျံကျော်လွှား တိုးတက်ပါမှ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်း ဆွတ်ခူးနိုင်မည်ဆိုသည့် စိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်သွားရန် မှာကြားလိုကြောင်း။

ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ အားကစား အဆင့်အတန်းတိုးတက်မှု၊ နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားပေးချီးမြှောက်မှုများအပါအဝင် တိုးတက်ဖြစ်ထွန်းမှုများကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး ထို့ထက်ကျော်လွန်အောင် ကြိုးစားအားထုတ်ကြရန် လိုကြောင်း။

မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဖွဲ့စည်းမှု၊ လေ့ကျင့်ပျိုးထောင်မှု၊ ပြုစုစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှု တို့ကအစ အဘက်ဘက်က အဆင့်အတန်း မြင့်မားစေရအောင် အားပေးစောင့်ရှောက်နေချိန်တွင် မြန်မာ့ဘောလုံး အားကစားသမား မောင်မယ်များကလည်း အားကစားစိတ်ဓာတ် မြင့်မားတက်ကြွစွာဖြင့် အားစိုက်ခွန်စိုက် အားကြိုးမာန်တက် ကြိုးစားအားထုတ်လေ့ကျင့်သွားကြရန်မှာကြားလိုကြောင်း။

မြန်မာ့ဘောလုံး အားကစားကဏ္ဍ စနစ်ကျနစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသော အားကစားသမားဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သုဝဏ္ဏလူငယ်လေ့ကျင့်ရေး စခန်းသို့ ရောက်ရှိပြီး အားကစားသမားများ အိပ်ဆောင်နှင့် စားရိပ်သာ ပြင်ဆင်မွမ်းမံထားမှု၊ ဘောလုံးအားကစားသမားများ ပြုစုကျွေးမွေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက္ကဆံကွင်းအတွင်း ဘောလုံးလေ့ကျင့်ရေးကွင်းသစ်များ တည်ဆောက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲများ ရောင်းချမည် တစ်တွဲချင်း ယူရိုငွေ ၅၀၀၀၀ အထက် တန်ဖိုးရှိ ကျောက်စိမ်းရိုင်း ၃၈တွဲ ပါဝင်

ရန်ကုန် မတ် ၁၃

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ပြသရာ ညနေ ၃နာရီခွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေး ကော်မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် ကျိုဒိုသတင်းဌာနမှ သတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးနှင့် အသင်းဝင် သတင်းထောက်များ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် APTN သတင်းဌာနမှ Mr. Jerry Harmer တို့ တက်ရောက်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

အဆိုပါအဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့်ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိကရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီဆိုင်များကိုလည်းကောင်း၊ ခန်းမ အဆောက်အအုံဝန်းကျင်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများကို လည်းကောင်း၊ တတိယထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လည်းကောင်း လိုက်လံရှင်းလင်း ပြသကြသည်။

ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခု (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို တင်ပြရောင်းချသွားမည် ဖြစ်ကြောင်း၊ ယခု(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၂၆နိုင်ငံ ကုမ္ပဏီ ၅၀၁ခုအား ဖိတ်စာများပေးပို့ခဲ့ရာ ယမန်နေ့အထိ နိုင်ငံပေါင်း ၁၂နိုင်ငံရှိ ကုမ္ပဏီ ၉၇ခုတို့မှ ရတနာကုန်သည် ၂၆၀ကျော် တက်ရောက်ကြကြောင်း၊ ဆက်လက်၍လည်း ပြည်ပမှ ရတနာကုန်သည်များ ထပ်မံလာရောက်ကြဦးမည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း အရိုင်းအတွဲပေါင်း ၁၂၅၄ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၁၃ဒသမ ၂၅သန်းဖိုးတင်ပြရောင်းချရန် ခင်းကျင်းစီစဉ်ထားပြီဖြစ်ကြောင်း၊ ထို့အပြင် ပုံသေဈေးနှုန်းနှင့် သတ်မှတ်ထားသည့် ကျောက်စိမ်းအချောထည်တန်ဖိုး ယူရိုငွေ သုညဒသမ ၁၁သန်းကိုလည်း တင်ပြရောင်းချသွားမှာဖြစ်ကြောင်း။

တင်ပြရောင်းချ

ကျောက်စိမ်းရိုင်းများကို အတွဲဖွဲ့ထားသည့်အခြေအနေမှာ အကျိုးတူလုပ်ငန်း

၉၇၂တွဲကို အခြေခံရောင်းဈေး ယူရိုငွေ ၉ဒသမ ၅၈သန်းတန်ဖိုးထားပြီး တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၂၅၄ တွဲ တန်ဖိုးအားဖြင့် ယူရိုငွေ ၁၃ဒသမ ၂၅သန်း တင်ပြရောင်းချမည်ဖြစ်ကြောင်း။

တစ်တွဲလျှင် ယူရိုငွေ ၁၀၀၀ မှ ၉၉၉၉တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်းများမှ ကျောက်စိမ်းရိုင်းအတွဲပေါင်း ၁၄၆တွဲ အခြေခံရောင်းဈေး ယူရိုငွေ ၂ဒသမ ၃၇သန်းဖိုးကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်းရိုင်းအတွဲပေါင်း၁၃၀၊ အခြေခံရောင်းဈေး ယူရိုငွေ ၁ဒသမ ၃၀သန်းဖိုးကိုလည်းကောင်း တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၊အသင်း၊ ပုဂ္ဂလိကများမှ ကျောက်စိမ်းရိုင်းအတွဲပေါင်း

မျှော်လင့်ထား

ယခု (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် တစ်တွဲချင်းယူရိုငွေ ၅၀၀၀၀ အထက် တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်း ၃၈တွဲပါရှိကြောင်း၊ ကျောက်စိမ်းရိုင်း အတွဲများကို အရည်အသွေး၊ အလေးချိန်၊ အခြေခံရောင်းဈေးကအစ ဂရုတစိုက် ဖွဲ့စည်းတင်ပြ ကြိုးစားဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် ယခင်ပြပွဲများနည်းတူ အတွဲအားဖြင့်ရော၊ တန်ဖိုးအားဖြင့်ပါ ကောင်းစွာ ရောင်းချရလိမ့်မည်ဟု မျှော်လင့်ထားကြောင်း။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၃၁၈တွဲ အခြေခံဈေးယူရို ၈ဒသမ၉သန်း တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း ၉၀တွဲ အခြေခံဈေးယူရို ၈ဒသမ၇သန်း တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ တင်ဒါစနစ်ဖြင့် အတွဲပေါင်း ၈၉တွဲ အခြေခံဈေး ယူရို ၁၈၀၅၅ တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ပုံသေစနစ်ဖြင့် အတွဲပေါင်း ၁၃၉တွဲ ယူရို၆၃၀၄၅တင်ပြရောင်းချမည် ဖြစ်ကြောင်း။

ရောင်းချ

(၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်မျက်အတွဲ စုစုပေါင်း ၃၁၈တွဲ တန်ဖိုးယူရို ၈ဒသမ၉သန်း၊ မိုင်းရှူးကျောက်မျက်ရိုင်း ၇၆တွဲ တန်ဖိုးယူရို ၈ဒသမ၃သန်း ရောင်းချမည်ဖြစ်ကြောင်း။

လက်ဝတ်ရတနာ ပစ္စည်းများအနေဖြင့် လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၁၂၀၇ တန်ဖိုး ယူရို ၉၅၀၈၈၄အား ရောင်းချမည်ဖြစ်ကြောင်း။

ကျောက်မျက်များနှင့် လက်ဝတ်ရတနာများ တင်ပြနိုင်မှုမှာ စုစုပေါင်း ယူရို ၉ဒသမ၉သန်းခန့် ရောင်းချမည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ ကြည့်ရှုလေ့လာကြစဉ်။ (ကြေးမုံ)



(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသည့် ယူရိုငွေ ၆၁၀၀၀၀တန် ကျောက်စိမ်းအရိုင်းတုံး။ (ကြေးမုံ)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ပြသထားသည့် ယူရိုငွေ၄၅၀၀၀တန် နီလာအရိုင်းတုံး။ (ကြေးမုံ)

၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ဌာနနှင့် ဖက်စပ်လုပ်ငန်းများမှ ဖော်ယူခဲ့သော ပုလဲစုစုပေါင်းမှာ လုံးရေ ၁ဒသမ၇သိန်းကျော်ရှိကြောင်း၊ ယင်းပုလဲများအနက် မြန်မာတာဆာကီကုမ္ပဏီမှ ဖော်ယူခဲ့သော ပုလဲများမှာ ၁ဒသမ၁သိန်းကျော် ပါဝင်ကြောင်း။

ဖွဲ့စည်းနိုင်ခဲ့

မြန်မာတာဆာကီကုမ္ပဏီမှ ဌာနအတွက် အချိုးကျရရှိသော ပုလဲများကို အခြားပုလဲများဖြင့် ရောပေါင်းခြင်းမပြုဘဲ သီးခြားအတွဲများ ဖွဲ့စည်းတင်ပြထားကြောင်း၊ အတွဲစုစုပေါင်း ၂၁၆တွဲ ဖွဲ့စည်းနိုင်ခဲ့ပြီး အခြေခံဈေးမှာ ယူရိုငွေ ၁၄၆၆၀၀၀ရှိကြောင်း။

ထို့ပြင် ဌာနနှင့် အခြားဖက်စပ်လုပ်ငန်းများမှ အချိုးကျရရှိသော အသစ်ဖော် ပုလဲများကို ယခင်အတွဲဟောင်းများနှင့် ရောပေါင်းပြီး အတွဲဖွဲ့စည်းတင်ပြထားကြောင်း၊ အတွဲစုစုပေါင်း ၇၃တွဲ ဖွဲ့စည်းနိုင်ခဲ့ပြီး အခြေခံဈေးမှာ ယူရိုငွေ ၃၄၃၃၀၀ ရှိကြောင်း။

ထို့ကြောင့် (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ပုလဲအတွဲစုစုပေါင်းမှာ ၂၈၉တွဲရှိပြီး တန်ဖိုးအနေနှင့် ယူရိုငွေ ၁ဒသမ၈သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေး ကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်အမှာစကားပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းချရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမတွင် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး

မှ ကျောက်စိမ်းရိုင်းအတွဲပေါင်း ၁၄၆တွဲ အခြေခံရောင်းဈေး ယူရိုငွေ ၂ဒသမ ၃၇သန်းဖိုးကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်းရိုင်းအတွဲပေါင်း၁၃၀၊ အခြေခံရောင်းဈေး ယူရိုငွေ ၁ဒသမ ၃၀သန်းဖိုးကိုလည်းကောင်း တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၊အသင်း၊ ပုဂ္ဂလိကများမှ ကျောက်စိမ်းရိုင်းအတွဲပေါင်း

များကို တင်ဒါစနစ်ဖြင့် ရောင်းချရန် ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၀၅၄တွဲ၊ တန်ဖိုးယူရိုငွေ ၂ဒသမ၉၃သန်းကျော်ဖိုး တင်ပြထားကြောင်း၊ တစ်တွဲချင်းတန်ဖိုး ယူရိုငွေ ၁၀၀၀၀မှ အထက် တန်ဖိုးရှိသည့် ကျောက်စိမ်းရိုင်းများကို ဈေးပြိုင်စနစ်နှင့် ရောင်းချမည်ဖြစ်ပြီး ဈေးပြိုင်စနစ်နှင့် အတွဲပေါင်း ၂၀၀တွဲ တန်ဖိုး ယူရိုငွေ ၁၀ဒသမ၃၂သန်းဖြစ်ကြောင်း။

✧ **ကျော်ဖုံးမှ**

ရှေးဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

နိဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီး နိုင်ငံတကာအဆင့်မီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်သကဲ့သို့ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပမည့်နေ့ရက်မှာလည်း တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ကြောင်း။

ယင်းသို့ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ကြသည့်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အတော်များများ ပြီးစီးခဲ့ပြီဖြစ်သဖြင့် လုပ်ငန်းတိုးတက်ဖြစ်ထွန်းမှုများကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

သို့ရာတွင် ထိပ်သီးညီလာခံကြီး တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည့် အလျောက်ညီလာခံအခမ်းအနားအတွက် လက်တွေ့ဆောင်ရွက်ရမည့် အသေးစိတ် လုပ်ငန်းများ၊ အစီအစဉ်များ၊ အစီအမံများကို ကြိုတင်စီမံတွက်ချက် ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

နိုင်ငံတကာအဆင့် ထိပ်သီးညီလာခံကြီးများ၏ အစဉ်အလာများနှင့်အညီ အောင်မြင်စနစ်ကျနစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာအစည်းအဝေးများနှင့် ပတ်သက်၍အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ပြီး ဆွေးနွေးညှိနှိုင်း အကြံဉာဏ်များ ဖလှယ်ကြရန်၊ အသေးစိတ် အစီအမံများ ချမှတ်ထားရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်မည့် နည်းလမ်းများ ရှာကြံထားရန်၊ ဝန်ထမ်းများ၊ ပညာရှင်များ စုဖွဲ့မှုများ အပါအဝင် စီမံအုပ်ချုပ်ရေးကိစ္စများ ကြိုတင်စီစဉ်ထားရန် မှာကြားလိုကြောင်း။

နိုင်ငံတကာ ထိပ်သီးညီလာခံဖြစ်သည့်အတွက် ခေတ်မီနည်းပညာများ အသုံးချနိုင်ရေး၊ နိုင်ငံတကာမှ လာရောက်ကြသည့် ဧည့်သည်တော်များ သက်သောင့်သက်သာ ရှိရေးတို့အတွက် စီမံဆောင်ရွက်ထားကြရမှာဖြစ်သကဲ့သို့ ထေရဝါဒ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ဖြစ်သည်နှင့်အညီ ဘာသာရေးပွဲတော်၊ ဘာသာရေးအခမ်းအနား ပီသရေး၊ ထေရဝါဒဗုဒ္ဓဘာသာ အနှစ်သာရ ပီပြင်ရေးတို့အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများ ကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားသည်။ ယင်းနောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၁၀)ကြိမ်မြောက် ရေဆေးပန်းချီပြပွဲပြသ

ရန်ကုန် မတ် ၁၃

၂၀၀၄ခုနှစ် (၁၀)ကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် (၂၇၁)ရှိ lnsight Art Gallery ၌ မတ် ၁၂ရက်မှ ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ခင်းကျင်းပြသလျက်ရှိသည်။ ပြပွဲတွင် ကွယ်လွန်ပြီး ပန်းချီဆရာကြီး ဦးချစ်မောင်၊ ဆရာဆောင်း၊ ဦးကြည်၊ ဦးဉာဏ်ရှိန်တို့၏ ပန်းချီကားများ ပါဝင်ပြီး စိတ်ဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တိုင်းမှူးနှင့် သစ်တောဝန်ကြီး ဖဲဟိုးပျိုးဥယျာဉ် စစ်ဆေး

ရန်ကုန် မတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မတ် ၁၂ရက် နေ့လယ်ပိုင်းတွင် ဖဲဟိုးမြို့နယ်၊ သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ထင်းရှူးတောများ ထိန်းသိမ်းရေးနှင့် စီမံချက်တိုးချဲ့စိုက်ပျိုးရေး၊ အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တောရေ၊ မြေ၊ သားငှက် ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက်တိုင်းမှူး၊ ဝန်ကြီးတို့သည် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကမ္ဘောဇ ဘောလုံးအသင်းအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် မတ် ၁၃

၂၀၀၃-၂၀၀၄ ခုဘောလုံးရာသီတွင် ပထမတန်း ဘောလုံးပြိုင်ပွဲ အမှတ်ပေးပွဲစဉ်၌ ပထမရရှိသော ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းပွဲကို ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်စင်တာ၌ ကျင်းပသည်။

ညစာစားပွဲတွင် ပထမတန်းအဆင့်၌ ပါဝင်ကစားခဲ့ကြသော ကမ္ဘောဇဘောလုံးအသင်းမှ ဘောလုံးသမားများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီကို ကမ္ဘောဇဘောလုံး အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ချီးမြှင့်သည်။

ထို့နောက် အသင်းနာယကများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က လာမည့်ဘောလုံးရာသီတွင် အဆင့်မြင့်တန်းပြိုင်ပွဲများ၌ တက်ရောက်ယှဉ်ပြိုင်ရမည့် ကမ္ဘောဇ ဘောလုံးအသင်းသားများအား အောင်မြင်မှုရရှိရေး ဆက်လက်ကြိုးစားကြရန်နှင့် အတန်းပြန်မဆင်းရရေး ဦးစားပေးယှဉ်ပြိုင်ကြရန် မှာကြားသည်။

ကမ္ဘောဇဘောလုံးအသင်းကို ၂၀၀၂ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ပထမတန်း ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခု ဘောလုံးရာသီ ပထမတန်း အမှတ်ပေးပွဲ၌ ပထမရဗိုလ်စွဲသွားသော ကမ္ဘောဇဘောလုံးအသင်းကို ကမ္ဘောဇဘဏ်လီမိတက်မှ ဦးအောင်ကိုဝင်းက ဂုဏ်ပြုခြင်းဖြစ်သည်။ (သတင်းစဉ်)

☆ တပ်မတော်အား (၁၀)ပါး ☆

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်းကောင်းမွန်မှု၊
၅။ လေ့ကျင့်သားပြည့်ဝမှု၊
၆။ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်းရဲဘော်စိတ်ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှု။

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၁၅-၃-၂၀၀၄ (တနင်္လာနေ့)
- ❑ - Introduction to Plant Biotechnology
  - ပထမနှစ်မှ မဟာသိပ္ပံအထိ (ရုက္ခဗေဒအထူးပြု ကျောင်းသူ၊ ကျောင်းသားများ)
- ❑ - မြန်မာ့ရတနာ ပတ္တမြားနီလာ၏ ဘူမိဗေဒ
  - ဘူမိဗေဒအထူးပြု မဟာတန်းများ

၁၆-၃-၂၀၀၄ (အင်္ဂါနေ့)
- ❑ - Angiospermae
  - ဒု-နှစ် ရုက္ခ၊ တ-နှစ် သတ္တ ကျောင်းသူ၊ကျောင်းသားများ
- ❑ - Heterocyclic Compounds and Alkaloids
  - တတိယနှစ် ဓာတုဗေဒ ကျောင်းသူ၊ကျောင်းသားများ
- ❑ - Forms of Condensation
  - ပထဝီဝင်နှင့် အခြားသိပ္ပံ ကျောင်းသူ၊ကျောင်းသားများ

၁၇-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- ❑ - Economics (1)
  - ပ-နှစ် စီးပွားရေး၊ပြည်သူ့ရေးရာ၊စီးပွားစီမံအထူးပြု ကျောင်းသူ၊ ကျောင်းသားများ
- ❑ - Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသူ၊ကျောင်းသားများ

၁၈-၃-၂၀၀၄ (ကြာသပတေးနေ့)
- ❑ - Poetry
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသူ၊ကျောင်းသားများ
- ❑ - Conditional / If Patterns Physics
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသူ၊ကျောင်းသားများ

၁၉-၃-၂၀၀၄ (သောကြာနေ့)
- ❑ - National Unification of Myanmar by Alungmintaya
  - တတိယနှစ် သမိုင်းအထူးပြု ကျောင်းသူ၊ကျောင်းသားများ
- ❑ - Introduction to the Study of Law
  - ပထမနှစ် ဥပဒေအထူးပြု ကျောင်းသူ၊ကျောင်းသားများ
- ❑ - Continuous Functions
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသူ၊ကျောင်းသားများ

၂၀-၃-၂၀၀၄ (စနေနေ့)
- ❑ - အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၁-၃-၂၀၀၄ (တနင်္ဂနွေနေ့)
- ❑ - အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

မင်္ဂလာဆွမ်းကျွေးကျေးဇူးတင်လွှာ

ရန်ကုန်မြို့ အမှတ် ၁၁၈(စီ)သံလွင်လမ်းနေ ဗိုလ်မှူးလှကြည် တပ်မတော်(လေ) ငြိမ်း၊ အထွေထွေမန်နေဂျာ(ကုန်သွယ်လယ်ယာ၊ငြိမ်း)-(ပါမောက္ခဒေါက်တာသန်းသန်းဦး)တို့၏သားဦး

မောင်ကျော်စိုးမိုး

B.Sc.(Hons)GEO Graduate Gemologist(G.I.A) California
Instrumentation Geologist (G.I.A) Carlsbad, California

နှင့်

ရန်ကုန်မြို့ အမှတ် ၁၁၇ (E) သံလွင်လမ်းနေ ဦးမောင်မောင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) ဒေါ်ခင်မြအေး ကထိက English Dept. Bangkok University. တို့၏သမီး

ဒေါက်တာယဉ်ယဉ်မြိုင် M.B.,B.S, MD

တို့သည်နှစ်ဖက်သောမိဘများ၏ခွင့်ပြုချက်ဖြင့် ၁၄-၂-၂၀၀၄ရက်နေ့တွင် Kerney Mesa Court Sandiego မြို့၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါ၍ ၁၃-၃-၂၀၀၄ရက်နေ့တွင် ရန်ကုန်မြို့ ကိုးမိုင် ပြည်လမ်းရှိ အောင်မြေဘုံသာ သျှမ်းကျောင်း တိုက်တွင် မင်္ဂလာဦးဆွမ်းကပ်လှူ ပူဇော်ပြီးပါကြောင်း။

ဆွမ်းကပ်လှူပူဇော်ပွဲအတွက် အသေးစိတ်ကူညီဖြည့်ဆည်းပေးပါသော ဦးနီပေါ(အင်ဂျင်နီယာချုပ်)၊ ကုန်သွယ်လယ်ယာ (စီးပွား)နှင့်အဖွဲ့အားလည်းကောင်း၊ ခါတော်မီဖိတ်စာကို မေတ္တာဖြင့်ကူညီသော ၁၁၅၊ ၃၂လမ်း ဝေဝေ ပုံနှိပ်တိုက် ပိုင်ရှင် ဦးဝင်းမြင့်နှင့် ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့် ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စိုးမိုး-ဒေါက်တာယဉ်ယဉ်မြိုင်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ်ပြန်လည်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှိုးဆော်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင် မွမ်းမံရေး၏ ဒုတိယမြောက် လုပ်ငန်းအဖြစ် စေတီတော်မြတ်ကြီးနှင့်လွန်စွာနီးကပ်၍ ရင်ပြင်တော် လျှောက်လမ်း အလွန်ကျဉ်းမြောင်းနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် မဟာရံတံတိုင်းအပြင်သို့ ရှစ်ပေခန့်တိုးချဲ့၍ အသစ်ပြန်လည်တည်ဆောက် သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်ပြီးစီးသွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် ကိုးပေခန့်ကွာဝေးသွားမည်ဖြစ် သဖြင့် ရင်ပြင်တော်လျှောက်လမ်း ကျယ်ဝန်းပြီး ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်မည်ဖြစ်ပါသည်။ ဘုရားကြီးကိုးဆူတန်ဆောင်းအသစ် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါလုပ်ငန်းရပ်များ အလိုက် လှူဒါန်းနိုင်မည်ဖြစ်သည်။

(၁)	ရုပ်ပွားတော်ကြီး ကိုးဆူလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း	တစ်ဆူလျှင်	ငါးသိန်း ကျပ်
(၂)	၁၁ပေ x ၁၅ပေအခန်း ၁၂ခန်း	တစ်ခန်းလျှင်	၂၀၀၀၀၀ ကျပ်
(၃)	တန်ဆောင်းကွန်ကရစ်တိုင် ၁၆ လုံး	တစ်လုံးလျှင်	၁၅၀၀၀၀ ကျပ်
(၄)	အင်္ဂတေလင်းနို့တောင်နှစ်ဖက်လှ ငါးခန်း	တစ်ခန်းလျှင်	၂၄၀၀၀၀ ကျပ်
(၅)	သွပ်ပန်းစိန်ကြီး သုံးလုံး	တစ်လုံးလျှင်	၈၀၀၀၀ ကျပ်
(၆)	သွပ်ပန်းစိန်လတ် ၁၄လုံး	တစ်လုံးလျှင်	၄၅၀၀၀ ကျပ်
(၇)	သွပ်ပန်းစိန်သေး ၂၄လုံး	တစ်လုံးလျှင်	၆၅၀၀ ကျပ်
(၈)	သွပ်ပန်း မုခ်ကြီး	တစ်မုခ်	၂၅၀၀၀၀ ကျပ်
(၉)	သွပ်ပန်း မုခ်လတ် နှစ်မုခ်	တစ်မုခ်လျှင်	၁၉၀၀၀၀ ကျပ်
(၁၀)	သွပ်ပန်း မုခ်သေး နှစ်မုခ်	တစ်မုခ်လျှင်	၁၃၀၀၀၀ ကျပ်
(၁၁)	သွပ်ပန်းဒေါင့်မုခ် ရှစ်မုခ်	တစ်မုခ်လျှင်	၃၇၀၀၀ ကျပ်
(၁၂)	သွပ်ပန်းဖောင်းပန်းဆွဲ(၁၀)ချောင်း	တစ်ချောင်းလျှင်	၄၃၀၀၀မှ ၁၃၅၀၀၀ကျပ်

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ၂၆-၃-၂၀၀၄ သောကြာနေ့တွင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကုသိုလ်တော်ပါဝင် လိုသူ အလှူရှင်များအနေဖြင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး ဖုန်း-၂၉၀၄၂၅၊

ပြန်ကြားရေးဝန်ကြီးရုံး ဖုန်း-၂၄၅၆၁၅၊ ၂၄၅၆၁၉၊ ၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁။

ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၃

သာကေတမြို့နယ် (၇)အနောက်ရပ်ကွက်ရှိ အာဒိကာရုံတိုက် အဘယာရာမကျောင်း ဆရာတော်ဘဒ္ဒန္တ သောဘဏဓမ္မာစရိယအဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတက ဆဋ္ဌမအကြိမ်မြောက် အသိဉာဏ်ပေးအလုပ်ပေးသတိပဋ္ဌာန်တရား ခုနစ်ရက်စခန်းကို ဧပြီ၅ရက်မှ ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၅၄၇၀၃၀သို့ စာရင်းပေး သွင်းနိုင်သည်။ (က-ပ)

တိပိဋကဓရ ရမ္မာဝတီဆရာတော်အားချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

ပဲခူးမြို့ မင်းကျောင်းစာသင်တိုက်ကြီး၌ ဧကာဒသမအကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလမထေရ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ်၂၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။လှူဒါန်းလိုသူအလှူရှင်များ ဖုန်း-၀၅၂၂၂၅၃၆၊ ဦးမေတ္တာနန္ဒထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်

မြန်မာအမျိုးသားယဉ်ကျေးမှုဖြိုးတိုးတက်ရေးကော်မတီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍
စန္ဒရားပညာရှင်ကြီးများ စုစည်းတင်ဆက်သည့်
ဂီတနန္ဒဝန်
စန္ဒရားပဒေသာပွဲကြီး

အချိန်	**ည၇နာရီတိတိ**
နေ့ရက်	**၂၀၀၄ခုနှစ် မတ်လ ၁၉၊ ၂၀နှင့် ၂၁ရက်**
နေရာ	**အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။ (ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ)**

ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ-နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊အမှတ်(၁၂၀)၃၄လမ်း(အလယ်)၊ရန်ကုန်မြို့။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး (၅၂)နှစ်မြောက် တပ်မတော်နေ့၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၂၄)**
၁၂:၁၀ ၅။ **သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည်ရန်ကုန်မြေ (အပိုင်း-၁)**
၁၂:၂၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း အချစ်ဆုံးကဘယ်သူလဲ (ပိုင်ဇေရဲထွန်း၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-သန်းဖေလေး)**
၂:၃၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး (၅၂)နှစ်မြောက် တပ်မတော်နေ့၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၂ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅:၅၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း-၂၇)**
၇:၃၅ ၁၃။ တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)
၇:၄၅ ၁၄။ (၅၂)နှစ်မြောက် တပ်မတော်နေ့၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
-ပြည်သူ့အတွက်တပ်မတော်
-ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာတို့ဝန်တာ (ပို့ဆောင်ရေး၊မီးရထား)
-ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
-မြန်မာ့စိတ်ဓာတ်(ရဲဘော်နိုင်ဝင်း)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း ရနံ့ပြယ်နှင်းဆီ (အပိုင်း-၂) (ရာဇာနေဝင်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကိုမျိုးထူး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့
နှင့်
(၂၈-၃-၂၀၀၄)ရက်နေ့



ပွေး၊ သဲဝဲ၊ ညှင်း၊ ယားနာအတွက် တကယ်စွမ်းတဲ့ဆေး

ဖန်ဂီဒန်မ်

KONIMEX
PHARMACEUTICAL LABORATORIES

Silver Seagull Travel Group

Air Bag
Restaurant
Hotel
Guide Service
Medical care

(Ext: 343)

Japanese Quality Sewing

NIKKO BEAUTY & SKIN CARE 15% OFF

ပေလီသကြိန် (ပန်းသခင်အဖွဲ့)
စား၊ တည်းငြိမ်း၊ (၄)ညအိပ်
ပြေ ၁၂ရက်ထွက်မည်။
၁၀၃၊ အနော်ရထာလမ်း
(ကုန်ဈေးတန်းလမ်းထိပ်)
ဖုန်း-၂၄၃၇၆၀၊ ၃၈၀၅၂၇။

☎ 380183

YUZANA RESORT
NGWE SAUNG BEACH

Phone: ၅၄၉ ၆၈၈ ၅၄၉ ၅၆၅ ၅၄၉ ၅၇၀
Fax: ၅၄၉၈၈၅
E-mail: YUZANAHOTEL@mptmail.net.mm

NIKKO INSTITUTE OF BEAUTIFICATION

- Hair Line, Skin Care, Hair-do's & Make-up, Eyebrow Tattoo, Nailery, Hair Extension
- European ... International ...
- (Special Course)
- Experience ... Nikko Nu Nu

Nikko Institute of Beautification
No. 160, 3rd floor, M.G.M Hotel, Wardan Street, Lanmadaw Tsp., Yangon.
Ph : 01-221342, 01-524978, E-mail : nan@mptmail.net.mm

Unplugged

သင်္ကြန်သဘော်

Five Star TV, Video & Audio

ကဲ့စီမံရာအတိုင်း

Tape, CD
ထွက်ပြီ

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်နန်းလှလှဝင်း	၁၃/ကသန(နိုင်)၀၅၆၆၇၄	၁၂၄၉/နတ်ရေကန် (၁)လမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၅	၁၂၄၉	ဒေါ်မြမြခိုင်အေး	အမည်ပြောင်း
၂။	ဒေါ်စန်းစန်းအေး	၉/ပဥသ(နိုင်)၀၁၉၉၁၆	အမှတ်(၂၁၁)၊ ဒုတိယလမ်း၊ အင်းစိန်မြို့နယ်	ဒဂုံမြောက်	၃၉ A	၆၁၁	ဦးမင်းအောင်	ဂရန်သစ်
၃။	ဦးခင်ဇော်	၁၂/ဗဟန(နိုင်)၀၄၆၄၇၁	၄၇၃- က- နိုင်ငံသစ်(၃)လမ်း၊ (၁၉)ရပ်ကွက်၊	ဒဂုံတောင်	၁၉	၄၇၃ - က	ဦးဝင်းထွန်း	ဂရန်သစ်
၄။	ဒေါ်ကေသီဝေသော်	၁၂/အစန(နိုင်)၀၁၇၇၇၄	၆၈၇-ရွှေသုခရွှေလမ်း၊ ၃၆- ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၆	၆၈၇	ဦးစိုးညွန့်	အမည်ပြောင်း
၅။	ဦးစောလှသယ်	KMDE-၀၀၀၅၇၇	အမှတ် (၉၀၀)၊ (၁၄)ရပ်ကွက်၊ ဒဂုံရှေ့	ဒဂုံရှေ့	၁၄	၉၀၀	ဦးစောဟာလှ	ဂရန်သစ်
၆။	ဦးဝင်းထိန်	၁၂/ဥကတ(နိုင်)၀၁၃၆၄၆	(၁၂၃၂/က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊	တ/ဥက္ကလာပ	၁၃	၁၂၃၂ (က)	ဦးမြင့်အောင်	အမည်ပြောင်း
၇။	ဦးအောင်မြင့်လှိုင်	၁၂/မရက(နိုင်)၀၆၂၀၄၈	(၂၄၂)၊ ၃လမ်း၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပ	တ/ဥက္ကလာ	၆	၂၄၂	ဦးတင်ထွန်း	အမည်ပြောင်း
၈။	ဦးဇော်ထွန်း	၁၂/သသန(နိုင်)၀၉၁၆၁၉	၆၁၊ဆိုးသာလမ်း ၊ သဃ်န်းကျွန်း	သဃ်န်းကျွန်း	ဝေဘေခေါ်ဆိုကန်	၅၇၂ I	ဒေါ်စမ်းစီ	ဂရန်သစ်
၉။	ဦးကြွ +၁	၁၂/ကမတ(နိုင်)၀၀၃၁၃၁	၁၆ နတ်စင်လမ်း	ကြည့်မြင်တိုင်	၂၆ A	၁၁	ဒေါ်အေးမြ + ၂	မြေပုံကူး
၁၀။	ဒေါ်စန်းစန်းလှ	၁၂/ကမတ(နိုင်)၀၃၄၅၃၈	၃၃၊ လှည်းတန်းလမ်း	ကြည့်မြင်တိုင်	၂၆A°	၂၀၀	ဦးအေးမြင့်	မြေပုံကူး
၁၁။	ဒေါ်နုနုသိန်း	၁၂/တမန(နိုင်)၀၂၁၇၉၂	၂၆- သန္တိလမ်း၊ ၄၇- ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၇	၂၆	ဒေါ်တင်အောင်	အမည်ပြောင်း
၁၂။	ဦးမိုးဟာမက် (ခ) + ၂	၁၂/ပဘတ(နိုင်)၀၂၂၄၈၂	၁၅၅/၁၅၇၊ ၂၉လမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	၁၆ D^2	IV - 5	Fatima Bi Bi	မြေပုံကူး
၁၃။	ဦးမိုးဟာမက် (ခ) + ၂	၁၂/ပဘတ(နိုင်)၀၂၂၄၈၂	၂၆၅/၂၈၇၊ ဗိုလ်ချုပ်[illegible]လမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	16 D^3	II . 7	H.Md.Ebrahim Nakhuda	မြေပုံကူး
၁၄။	ဦးသာပြည့်မွေး	၁၂/ဒဂန(နိုင်)၀၂၀၄၉၇	၁၀၃၉၊၉ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၉	၁၀၃၉	ဦးအောင်မင်း	ဂရန်သစ်
၁၅။	ဦးအောင်ထွန်း +၁	၁၂/တမန(နိုင်)၀၀၉၀၆၇	၃ဂ၊ ၁၃၆လမ်း	တာမွေ	၄ ဒီ	V - ၁၀၁	မ တီ	ဂရန်မိတ္တူ
၁၆။	ဒေါ်ခင်မာဦး	၉/မနမ(နိုင်)၀၁၉၅၇၉	၂၆၅၊ မေတ္တာလမ်း၊ ၁၀ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၀	၂၆၅/ခ	ဒေါ်စိန်မြင့်	အမည်ပြောင်း
၁၇။	ဒေါ်အေးမကြူ	၁၂/ဥကတ(နိုင်)၀၃၇၅၇၀	၇၉၂/ခ၊ ဇာဂ(၁)လမ်း၊ (၄)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၇၉၂(ခ)	ဦးသန်း	မြေပုံကူး
၁၈။	ဒေါ်မြမြင့်သိန်း	၉/မနန(နိုင်) ၀၁၃၇၁၀	၉၇၀/က၊ သံသုမာလမ်း၊ ၁၃ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၃	၉၇၀(က)	ဦးစိန်ထွန်း	မြေပုံကူး
၁၉။	ဦးအောင်ထွန်း + ၁	၁၂/တမန(နိုင်)၀၀၉၀၆၇	၅၃၊ လမ်း ၁၃၀၊ သမြေကုန်းရပ်ကွက်၊	မင်္ဂလာတောင်ညွန့်	၁၁-P	V-၁၅၈	ဒေါ်မြဝေး	မြေပုံကူး
၂၀။	ဒေါ်ကတ္တာလှသိန်းအေး	၁၂/ရကန(နိုင်) ၀၁၉၂၈၆	၁၄၊ ၂လမ်း၊ ၃ ရပ်ကွက် ၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၃	၁၂၆	ဒေါ်ခင်သိန်း	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုမာဆူဒ် ပတ်စပို့နံပါတ်-၂၈၈၆၁၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ကိုမာဆူဒ်
ဖုန်း-၂၇၈၉၈၄။

ကျေးဇူးတင်ရှိခြင်း

ဦးစိန်ဝင်း (၅၈)နှစ်

ပခုက္ကူပညာရေးကောလိပ်ကျောင်းအုပ်ကြီး (တလိုင်းရပ်ရွာသစ်၊ တောင်သာမြို့နယ်)

၁၄-၂-၂၀၀၄နေ့တွင် ကွယ်လွန်ခဲ့သော ဦးစိန်ဝင်း၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ကူညီမေးမြန်းစောင့်ရှောက်ခဲ့သော အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ပခုက္ကူ၊ မြစ်ကြီးနား၊ မိတ္ထီလာ ပညာရေးကောလိပ် မိသားစုများနှင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစန်းမြင့်(အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)
Chief Engineer, Gewin Maritime Co., Ltd. Japan – ဒေါ်မြည္ဖွန့်
("ဇော်" မွှမွှလေးဖျော်ရည်စုံလုပ်ငန်း)တို့၏သားငယ်

မောင်မိုးဇော်မြင့် (ခ) ဘော်ဘော် B.Sc (Zoology)
Technician "Zaw" Cordials Product
နှင့်

ရန်ကုန်မြို့နေ
ဦးမြင့်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)– ဒေါ်မေမေထား
(ဆေးဝိဇ္ဇာသွေးတိုးကျဆေး)တို့၏သမီးငယ်

မမေဦး B.Sc (Zoology), Zifam Pty Ltd.

တို့၏ ၇–၃–၂၀၀၄နေ့တွင် Yuzana Garden Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဆည်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ဇနီး ဒေါ်စောမြ၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းသိပ္ပံ အင်ဂျင်နီယာဌာနမှူး ဦးတင်မောင်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသူ မောင်အေးချမ်းဇော်၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော တေးသံရှင်မို့မို့ (လူပျံတော်ပတ္တမြား)၊ သတို့သားအရံ မောင်ဝေဖြိုး၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မင်းခ၊ သတို့သမီးအရံ မယဉ်သူဇာသန်း၊ မခိုင်ခိုင်ဇော်၊ မေတ္တာဖြင့် မိတ်ကပ်ဆံပင် အလှပြင်ဆင်ပေးသော မုဏ်းကို၊ မေတ္တာဖြင့် စိန်ထည် လက်ဝတ်ရတနာ ဆင်မြန်းပေးသော မာမီဖွားကြီးဒေါ်သန်းသန်း(ပျဉ်းမနား)၊ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသော နှစ်ဖက်မိဘညီအစ်ကိုမောင်နှမများ၊ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မိုးဇော်မြင့် (ခ) ဘော်ဘော်–မမေဦး။



အမည်ပြောင်းခြင်း

ဦးထွန်းဝင်း၏သား အထက(၂) ဘိုကလေး၊ နဝမတန်းမှ မောင်နေလတ်သူအား မောင်နေဖြိုးလင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်နေဖြိုးလင်း။

တိုက်ခန်းရောင်းမည်

အမှတ်(၆၅)၊ (၁၆၆)လမ်း၊ (ပ)ထပ်၊ ညာခန်း၊ တာမွေ၊ ၁၇ပေx၇၀ပေ၊ ဧည့်ခန်း ပါကေးခင်း၊ အိပ်ခန်းနှစ်ခန်း၊ အဲယားကွန်း ပါ၊မီးဖိုချောင်ကြွေပြားခင်း၊ဘိုထိုင်အိမ်သာ၊ ဆာစင်ကြီး၊ ပတ်လည်သံပန်းတပ်ပြီး၊ ရေ၊ မီးကိုယ်ပိုင်၊ အသင့်နေနိုင်။ **ညှိနှိုင်းဈေး။**



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

(၂၀၀၂–၂၀၀၃)ခု ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကျင်းပခဲ့သော တတိယနှစ် (၁၉၉၇–အောင်) သင်တန်းအသီးသီး၏ နောက်ဆုံးနှစ် စာမေးပွဲအောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်/နေ့ – ၂၀၀၄ခုနှစ် မေလ(၉)ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်နယ်မြေ)
ကျင်းပမည့်အချိန် – နံနက် (၉:၀၀)နာရီ

စဉ်	ဘွဲ့အမည်
၁။	B.Com
၂။	B.Act
၃။	B.BA
၄။	B.Econ (Economics)
၅။	B.P.A
၆။	B.Econ (Statistics)
၇။	B.P.S

တက်ရောက်ဘွဲ့နှင်းသဘင်ကြေး – ကျပ် ၁၅၀၀/–(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး – ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်/နေ့ – ၂၀၀၄ခုနှစ် မေလ(၈)ရက်(စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန် – နံနက် (၈)နာရီ
လျှောက်လွှာပိတ်ရက် – ၂၀၀၄ခုနှစ် မတ်လ(၃၁)ရက် (ဗုဒ္ဓဟူးနေ့)

မှတ်ချက် (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) နှစ်ဟောင်းမှဘွဲ့/ ဒီပလိုမာအောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၃) တစ်လအတွင်း ရိုက်ကူးထားသော (၂"x၁ ½") ဓာတ်ပုံ(၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် လျှောက်ထားရမည်။
(၄) အသေးစိတ်အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တွင် လာရောက် စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်(၁)
ဘွဲ့နှင်းဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်။



သကြင်္န်နှစ်သစ်ကူးအထူးအစီအစဉ်ဖြင့် မတ်လ(၁၃)ရက်မှ ဧပြီ(၁၁)ရက်အထိ ကလေးအသုံးအဆောင်ပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် လက်ဆောင်ပစ္စည်းများလည်းပေးမည်။

A-17၊ ပထမထပ်၊ ယုဇနပလာဇာ
F-2၊ ပထမထပ်၊ ရန်ကင်းစင်တာ
No-67၊ ဘုန်းကြီးလမ်း၊ လမ်းမတော်တို့တွင် ဝယ်ယူနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ကြီးကြပ်အင်ဂျင်နီယာ — **ကျား (၁) ဦး**
A.G.T.I (Civil)/B.Tech/B.E (Civil)
၂။ စာရင်းကိုင် — **မ (၁) ဦး**
(B.Com/LCCI III/D.A)
၃။ ရုံးဝန်ထမ်း — **မ (၁) ဦး**
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်သူ

ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ လေဘာမိတ္တူ၊ ပညာအရည်အချင်းမိတ္တူတို့နှင့် အတူ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ်(၂၀၅)၊ (ဒု–ယာ)သို့လာရောက်လျှောက်ထားနိုင်ပါသည်။ (ဖုန်း–၂၄၀၀၇၁)။



April 12
5-Nights
6-Days
April 11
Ph : 378547, 254250

တစ်နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ

၁၄-၃-၂၀၀၄ ရက်နေ့တွင် ကျရောက်သော သားငယ်လေး **မောင်ဘုဏ်းသန့်ထင်(ခ)အသချေ်**၏ တစ်နှစ်မြောက် မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး ကျန်းမာပျော်ရွှင်၍ သုခများစွာ ပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ – ဦးကျော်စိုး (လမင်းသစ်ကဖေး)
မေမေ – ဒေါ်အေးမြတ်နွယ်
ကိုကို – ကောင်းဝေယံကျော်။

Aircon-Bus / Hotel
Tel : 526722
501986

MEC
Computer Monitor

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ Sales and Marketing Manager ကျား/မ (၁) ဦး

ဘွဲ့ရ၊ အရောင်းနှင့် ဈေးကွက်အတွေ့အကြုံ အနည်းဆုံး(၃)နှစ်၊ အသက်(၃၅)နှစ်အောက်၊ အချိန်မရွေး နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။

(၂) Marketing Assistant ကျား/မ (၂) ဦး

ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ Marketing လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အချိန်မရွေး နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူတိုင်း ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအထောက်အထား၊ စာရွက်စာတမ်းများ အပြည့်အစုံ ပူးတွဲ၍ အောက်ပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

POLYMER CO., LTD.
တိုက်(၁)၊ အခန်း(၃)၊ အနော်ရထာအိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။

သတိပေးတားမြစ်ခြင်း

